www.dhammadownload.com

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာ ( ရိုးရိုး ) သင်တန်း

## ပထမဆင့် ( မှတ်စု )

**[စိတ်ပိုင်း ၊ စေတသိက်ပိုင်း ၊ ပကိဏ်းပိုင်း]**

ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

(ဒုတိယအကြိမ်)

www.dhammadownload.com

# နိုင်ရာတာဝန်ယူကြစို့

ဘုရားရှင်တော်၊ မပွင့်ပေါ်လျှင်
လူတော်အများ၊ စိတ်ကောင်းထားလည်း
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ မသိရ၊ များလှအပြစ်တွေ။

ဘုရားရှင်တော်၊ ပွင့်ထွန်းပေါ်၍
ဟောဖော်ညွှန်ကြား၊ မြတ်တရားကြောင့်
ဤကားကုသိုလ်၊ အကုသိုလ်နှင့်
ထိုထိုဘုံဘဝ၊ သိကြရ၊ များလှကျေးဇူးပေ။

ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို
ဦးတင်မပြတ်၊ ကျေးဇူးဆပ်ဖို့
အမြတ်ရတနာ၊ သာသနာ၏ နိုင်ရာဝန်ထမ်း
ကိုယ်စီစွမ်း ကြိုးပမ်းကြပါလေ။

( တောင်မြို့ ၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး )

www.dhammadownload.com

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

# အဘိဓမ္မာ (ရိုးရိုး)သင်တန်း

## ပထမဆင့် ( မှတ်စု )

## [ စိတ်ပိုင်း ၊ စေတသိက်ပိုင်း ၊ ပကိဏ်းပိုင်း ]

ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)

သင်တန်းမှူး

(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် = ၆၀၀၃၀၁၀၅၁၁
ဘာသာရေးဆိုင်ရာ မျက်နှာဖုံးခွင့်ပြုချက် = ၆၀၀၃၁၇၀၅၁၁

ဒုတိယအကြိမ် ၊ ၂၀၁၁-ခုနှစ်၊ ဇွန်လ
အုပ်ရေ (၂၀၀၀)
တန်ဖိုး ၁၁၀၀ ကျပ်

**အတွင်းစာသားကြီးကြပ်** - ဓမ္မဗျူဟာ - ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
**ကွန်ပျူတာစာစီနှင့်ဒီဇိုင်း** - ဓမ္မဗျူဟာ - ဒေါ်ဌေးဌေးအောင်
**ပုံနှိပ်သူ** = ဦးဝင်းဇော် (မြ-၀၇၄၉၇)
မိဘမေတ္တာပုံနှိပ်တိုက်
အမှတ် - ၅၄၄၊ အင်းတော်လမ်း၊ စက်မှုဇုံ (၂)
တောင်ဒဂုံ၊ ရန်ကုန်မြို့။
**ထုတ်ဝေသူ** = ဒေါ်ခင်မာရှို၊ ပန်းဝေဝေစာပေ၊
အမှတ်-၃၆၀၊ ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
**ဖြန့်ချိရာဌာန** = ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့ (ဖုန်း-၃၈၀၈၈၀)

" ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း " (CIP)

၂၉၄.၃၈
ခင်လှတင်၊ ဒေါ် (မဟာသဒ္ဓမ္မဇောတိကဓဇ)
အဘိဓမ္မာ(ရိုးရိုး) သင်တန်း ၊ ပထမဆင့် (မှတ်စု) / ဒေါ်ခင်လှတင်
(မဟာသဒ္ဓမ္မဇောတိကဓဇ) ။ - ရန်ကုန်၊
ပန်းဝေဝေစာပေ ၊ ၂၀၁၁။ ဇွန်လ၊ ဒုတိယအကြိမ်
၉၆ - စာ၊ ၁၅.၄ x ၂၁ စင်တီ။
(၁) အဘိဓမ္မာ(ရိုးရိုး) သင်တန်း ၊ ပထမဆင့် (မှတ်စု)

www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | အဘိဓမ္မာ ပိဋက သမိုင်း | ၁–၁၈ |
| * | ကျမ်းပြုဆရာတော် အရှင်အနုရုဒ္ဓါ၏ ရတနတ္တယပဏာမနှင့် ပဋိညာဉ် | ၁၉ |
| * | ပရမတ္ထတရား ၄–ပါး | ၂၀ |
| | **၁။ စိတ်ပိုင်း** | |
| * | ဘုံအပြားအားဖြင့် စိတ်အမည် ၄–မျိုး | ၂၂ |
| ၁။ | ကာမာဝစရစိတ် ၅၄–ပါး | ၂၄ |
| | (က) အကုသိုလ်စိတ် ၁၂–ပါး | ၂၄ |
| | (ခ) အဟိတ်စိတ် ၁၈–ပါး | ၂၇ |
| | (ဂ) ကာမသောဘဏစိတ် ၂၄–ပါး | ၂၉ |
| ၂။ | ရူပါဝစရစိတ် ၁၅–ပါး | ၃၀ |
| ၃။ | အရူပါဝစရစိတ် ၁၂–ပါး | ၃၂ |
| ၄။ | လောကုတ္တရာစိတ် ၈–ပါး | ၃၄ |
| ၅။ | ဘေဒကြီး ၆–ဘေဒအားဖြင့် ဝေဖန်ခြင်း | ၃၆ |
| ၆။ | စိတ်ပိုင်းနိဂုံး | ၃၈ |
| | **၂။ စေတသိက်ပိုင်း** | |
| * | စေတသိက်အဓိပ္ပာယ် | ၃၉ |
| * | စေတသိက် လက္ခဏာ ၄–ပါး | ၃၉ |
| ၁။ | အညသမာန်း စေတသိက် ၁၃–ပါး | ၄၀ |
| | (က) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါး | ၄၀ |
| | (ခ) ပကိဏ်းစေတသိက် ၆–ပါး | ၄၁ |
| ၂။ | အကုသိုလ်စေတသိက် ၁၄–ပါး | ၄၂ |

www.dhammadownload.com


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၃။ | **သောဘနစေတသိက် ၂၅-ပါး** | | ၄၄ |
| | (က) သောဘနသာဓာရဏစေတသိက် | ၁၉-ပါး | ၄၄ |
| | (ခ) ဝိရတီစေတသိက် | ၃-ပါး | ၄၆ |
| | (ဂ) အပ္ပမညာစေတသိက် | ၂-ပါး | ၄၆ |
| | (ဃ) ပညာစေတသိက် | ၁-ပါး | ၄၆ |
| ၄။ | **သမ္ပယောဂနည်း** | | |
| | (၁) သဗ္ဗစိတ္တသာဓာရဏစေတသိက် သမ္ပယောဂနည်း | ၁-နည်း | ၄၇ |
| | (၂) ပကိဏ်းစေတသိက် သမ္ပယောဂနည်း | ၆-နည်း | ၄၇ |
| | (၃) အကုသိုလ်စေတသိက် သမ္ပယောဂနည်း | ၅-နည်း | ၄၉ |
| | (၄) သောဘနစေတသိက် သမ္ပယောနည်း | ၄-နည်း | ၅၁ |
| ၅။ | **သင်္ဂဟနည်း** | | |
| | (၁) အကုသိုလ်စိတ် သင်္ဂဟနည်း | ၇-နည်း | ၅၅ |
| | (၂) အဟိတ်စိတ် သင်္ဂဟနည်း | ၄-နည်း | ၆၀ |
| | (၃) ကာမသောဘဏစိတ် သင်္ဂဟနည်း | ၁၂-နည်း | ၆၁ |
| | (၄) မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း | ၅-နည်း | ၆၄ |
| | (၅) လောကုတ္တရာစိတ်အကျယ် သင်္ဂဟနည်း | ၅-နည်း | ၆၅ |
| | **ဝိသေသက စေတသိက် ၁၀-ပါး** | | ၆၆ |


## ၃။ ပကိဏ်းပိုင်း


| | | စာမျက်နှာ |
|---|---|---|
| ၁။ | နာမ်တေပညာ၊ သင်္ဂဟ ၆-ပါး | ၆၇ |
| ၂။ | (၁) ဝေဒနာသင်္ဂဟ | ၆၈ |
| | (၂) ဟေတုသင်္ဂဟ | ၆၉ |
| | (၃) ကိစ္စသင်္ဂဟ | ၇၂ |
| | (၄) ဒွါရသင်္ဂဟ | ၇၇ |
| | (၅) အာရမ္မဏသင်္ဂဟ | ၈၁ |
| | (၆) ဝတ္ထုသင်္ဂဟ | ၈၉ |

www.dhammadownload.com

# အဘိဓမ္မာ ပိဋက သမိုင်း

မြတ်စွာဘုရားရှင်၏ ၄၅–ဝါကာလပတ်လုံး ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော ဗုဒ္ဓဝစန ခေါ် ဘုရားစကားတော်၊ ဘုရားအဆုံးအမများနှင့် ဘုရားရှင်၏ မျက်မှောက် သာဝကကြီးများကိုယ်တိုင် ဆုံးမ ညွှန်ကြားတော်မူခဲ့သည့် တရားဒေသနာတော်များအားလုံးကို ဘုရားရှင်လက်ထက်တော်အခါက **ဓမ္မ–ဝိနယ** ဟူ၍သာ ခေါ်ဝေါ်ခဲ့ကြပါသည်၊ ဤတွင် ရဟန်းတော်များ လိုက်နာရမည့် စည်းမျဉ်းဥပဒေများ၊ ကျင့်ဆောင်ရမည့် ကံများကို **ဝိနယ**ဟုခေါ်၍ ကျန်အဆုံးအမများအားလုံးကို **ဓမ္မ**ဟု ခေါ်ဝေါ်ခဲ့ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓ၏ အဆုံးအမ ဓမ္မဝိနယများ မတိမ်ကော မပျောက်ပျက် မချွတ်ယွင်းစေရန် စုစည်းရွတ်ဆိုလာကြသည့် သင်္ဂါယနာတင်ပွဲများ ပေါ်ပေါက်လာသောအခါ ဗုဒ္ဓဝစန (ဘုရားစကား၊ ဘုရားအဆုံးအမ)တို့ကို **ပိဋက**အားဖြင့် ပိုင်းခြားလာကြပါသည်၊ ပိဋကဟူသော ပါဠိစကားမှာ မူရင်းအားဖြင့် ''ခြင်း၊ ခြင်းတောင်း''ဟူသော အနက်ကို ဆောင်ယူနေပါသည်၊ ထိုမူရင်းအနက်မှ တစ်ဆင့် ''မျိုးတူရာ စုစည်း သိုလှောင်ထားသောသဘော၊ အစဉ်အဆက် ဆင်းသက်လာသောသဘော'' ဖြင့် ဗုဒ္ဓဝစနတို့ကို ပိဋကဟူသော အသုံးဖြင့် ပိုင်းခြားလာခဲ့ကြခြင်း ဖြစ်သည်ဟု ပညာရှင်တို့က ယူဆကြပါသည်။

ဗုဒ္ဓဝစနတို့ကို ပိဋကအားဖြင့် ပိုင်းခြားသောအခါ ''ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မာပိဋက''ဟူ၍ ပိဋကတ်သုံးပုံအားဖြင့် သုံးမျိုး ခွဲခြားထားပါသည်၊ ဓမ္မက္ခန္ဓာ–အားဖြင့်မူ ဝိနယပိဋက၌–၂၁၀၀၀၊ သုတ္တန္တပိဋက၌–၂၁၀၀၀၊ အဘိဓမ္မာပိဋက၌ ၄၂၀၀၀–ဟူ၍ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀–ရှိလေသည်။

ဤတွင် **ဝိနယ(ဝိနည်း)**ဟူသည် ရဟန်းတော်တို့၏ ကျင့်ဝတ်ဥပဒေ စည်းကမ်းများနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားသော တရားများဖြစ်၍၊ **သုတ္တန္တ(သုတ္တန်)** သည်ကား လူနတ်ဗြဟ္မာ သတ္တဝါ အကုန်လုံး လိုက်နာကျင့်သုံးရန် သတ္တဝါများ၏ အာသယာနုသယ စရိုက်များနှင့် သင့်လျော်အောင်, သတ္တဝါများ နားလည်အောင် ဟောကြားထားသော တရားများ ဖြစ်လေသည်၊ **အဘိဓမ္မ(အဘိဓမ္မာ)**မှာမူ သတ္တဝါများအပေါ်တွင် မငဲ့ကွက်ဘဲ ဟောသင့် ဟောထိုက်သော သဘောသက်သက်ကိုသာ ဓမ္မသဘာဝကျကျ အကျယ်ချဲ့ပြီး အသေးစိတ် ဟောကြားထားသောတရား ဖြစ်သည်။

www.dhammadownload.com



## အဘိဓမ္မာဟု အမည်ရပုံ

"**ဝိနယ**(ဝိနည်း)ကို လည်းကောင်း၊ **ဓမ္မ**(သုတ္တန်+အဘိဓမ္မာ)ကို လည်းကောင်း ဟောခဲ့ ပညတ်ခဲ့ပြီ၊ ထို **ဓမ္မဝိနယ**သည် ငါဘုရား ပရိနိဗ္ဗာန်ဝင်စံခဲ့လျှင် သင်တို့၏ ဆရာဘုရားဖြစ်မည်"ဟု မြတ်စွာဘုရား၏ မိန့်တော်မူချက်အရ ဓမ္မ နှစ်မျိုးရှိသည့်အနက် အဘိဓမ္မာသည် သုတ္တန္တဓမ္မထက် သာလွန် ထူးခြားသည့် ဓမ္မ ဖြစ်သောကြောင့် အဘိဓမ္မ(ဓမ္မထူး-ဓမ္မလွန်)ဟု ခေါ်လေသည်။

## သာလွန်ထူးခြားပုံ

**သုတ္တန္တဓမ္မ(သုတ္တန်)**၌ "ကုသိုလ်တရားကို များများပြုရမယ်၊ အကုသိုလ်တရားတွေကို ရှောင်ကြဉ်ရမယ်၊ မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်ထွန်းအောင်- ဖြစ်ပြီး ကုသိုလ်တရားများ တည်တံ့အောင် ပြုလုပ်ရမယ်"စသည်ဖြင့် ကုသိုလ်-အကုသိုလ်အမည်မျှကိုသာ အကျဉ်း ဟောတော်မူပြီး "ကုသိုလ်-အကုသိုလ်ဆိုတာ မည်ကဲ့သို့သော အရာ၊ မည်မျှများပြား အပြားရှိတယ်"ဆိုသည်များကို အသေးစိတ် ဟောတော်မမူချေ။

**အဘိဓမ္မ(အဘိဓမ္မာ)**၌မူ "အကုသိုလ်ရှောင်- ကုသိုလ်ဆောင်"စသည်များကို ညွှန်ကြားထားရုံမက အကုသိုလ်, ကုသိုလ်တရားများကို အကျဉ်း- အကျယ် ဝေဖန်ပြထားသည့်အပြင် ၎င်းကုသိုလ်, အကုသိုလ်စိတ်များနှင့် ယှဉ်နေသော ဖဿ, ဝေဒနာ စသော စေတသိက်များကိုပါ ဝေဖန်ပြထားပါသည်၊ ယင်းစိတ်စေတသိက်များကိုလည်း ခန္ဓာ-အာယတန-ဓာတ်-သစ္စာ စသည်အားဖြင့် အသေးစိတ် ထပ်မံ ဝေဖန်ပြထားလေသည်။

၎င်းအပြင် **သုတ္တန်တရားတော်**ကို သုတ္တန်ဝေဖန်နည်းအားဖြင့်သာ ဟောကြားတော်မူခဲ့၍ **အဘိဓမ္မာတရားတော်**ကိုမူ သုတ္တန်ဝေဖန်နည်း၊ အဘိဓမ္မာဝေဖန်နည်းတို့အပြင် အဘိဓမ္မာ အမေးအဖြေနည်းတို့ဖြင့်ပါ ဟောကြားတော်မူခဲ့ပါသည်၊ သို့ဖြစ်၍ အဘိဓမ္မာကို လေ့လာ သင်ယူခြင်းဖြင့် သုတ္တန်တရားတော်ကိုပါ ဟစေ့တစောင်း လေ့လာအကဲခတ်ခွင့်ရသောကြောင့် လယ်တီဆရာတော်ဘုရားကြီးက "ပိဋကတ်နှစ်ပုံ-အကျဉ်းချုံ-နှုတ်ငုံသူတို့မှာ"ဟု အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ရေးသားဖွင့်ဆိုထားသော ပရမတ္ထသံခိပ်ကျမ်းတွင် ညွှန်းဆိုခဲ့ခြင်းဖြစ်ပေသည်။

ထို့ကြောင့် အဘိဓမ္မသည် သုတ္တန္တဓမ္မထက် (နည်း-အရေအတွက်-သဘော

www.dhammadownload.com



တရားအားဖြင့်) သာလွန်ထူးခြားသည့် ဓမ္မဖြစ်၍ အဘိဓမ္မဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

## အဘိဓမ္မာအစ "ရတနာဃရ"ရွှေအိမ်က

အဘိဓမ္မာတရားတော်သည် သဗ္ဗညုတဉာဏ်ကို ရမှသာ ဟောကြားနိုင်ခြင်းကြောင့် ၎င်းတရားတော်သည် ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်၏ စကားတော် အစစ်အမှန် ဖြစ်လေသည်၊ မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်ကို ရရှိပြီးနောက် စတုတ္ထသတ္တာဟ "ရတနာဃရ"ရွှေအိမ်တော်၌ အဘိဓမ္မာတရားတော် (အဘိဓမ္မာ ၇-ကျမ်း)ကို သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ၇-ရက်တိုင်တိုင် တစ်ပါးတည်း ကွန့်မြူးကျက်စား ဆင်ခြင် သုံးသပ်တော်မူခဲ့သည်။

## အဘိဓမ္မာဟောခြင်းအစ "တာဝတိံသာ"က

ဘုရားဖြစ်ပြီး သတ္တမဝါမြောက်ကာလ၌ တာဝတိံသာနတ်ပြည်တွင် ဝါကပ်တော်မူပြီး ဘုရားရှင်တိုင်း ဟောတော်မူမြဲဖြစ်သော အဘိဓမ္မာဒေသနာတော်ကို မယ်တော်ဖြစ်ခဲ့ဖူးသည့် တုသိတာနတ်ပြည်မှ သန္တုသိတနတ်သားအား အမှူးထား၍ စကြဝဠာပေါင်း တိုက်တစ်သောင်းမှ သောင်းသောင်းဖြဖြ လာရောက် ဆည်းကပ်ကုန်သော နတ်ပြဟ္မာတို့ကို ဝါတွင်း ၃-လပတ်လုံး (မဟာသက္ကရာဇ် ၁၀၉-ခု၊ ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ)နေ့ရော ညပါ အသံမစဲ ဟောကြားတော်မူသည်။

## အသံမစဲ ဟောကြားပုံ

ဘုရားရှင်တို့တွင် မသိစိတ်ဟုခေါ်သော ဘဝင်စိတ်များ အဖြစ်နည်းပြီး သိစိတ်ဟုခေါ်သော ဝီထိစိတ်များ အဖြစ်များသည့်အတွက် အလွန် လျင်မြန်အောင် ဟောကြားတော်မူနိုင်ပါသည်၊ စိတ်တော်က အလိုရှိတိုင်း လျင်မြန်တော်မူသကဲ့သို့ လျှာတော်, အာတော်, နှုတ်ခမ်းတော်တို့ကလည်း အလိုရှိတိုင်း လျင်မြန် စေ့စပ်တော်မူလှပါသည်၊ စိတ်တော်, အာတော်နှင့် လျှာတော်တို့က လျင်လျင်မြန်မြန်ကြီး တစ်ဟုန်ထိုး ဟောကြားပါသော်လည်း အသံတော်၏ သာယာ နာပျော်ဖွယ်ရှိခြင်း၊ စည်းစည်းလုံးလုံးရှိခြင်း စသည်တို့ကြောင့် နာကြားရသော နတ် ပြဟ္မာများ၏ နားထဲတွင် မရှင်းမလင်း မသဲကွဲခြင်း တစ်လုံးတစ်ပါဒမျှ မရှိဘဲ အားလုံး ရှင်းလင်း သဲကွဲ ပြတ်သားစွာ နားလည်ကြရပါသည်။

www.dhammadownload.com



## မြတ်စွာဘုရား၏ အသံတော် လျင်မြန်ပုံ

* "တစ်ရာ့တစ်ပါး၊ လူမျိုးများတို့၊ စကားတစ်ခွန်း၊ မြွက်ဆိုညွှန်းက၊ ရှစ်ခွန်းအာနန်၊ မိန့်လျင်မြန်၏။
* အာနန်ထေရ်ကျော်၊ တစ်ခွန်းသော်မူ၊ ရှင်တော်ဘုရား၊ လျင်လျား တုမဲ့၊ တစ်ဆယ့်ခြောက်လီ၊ ခွန်းထပ်မှီ၏။
* လောကီလူသား၊ တစ်ခွန်းအားမူ၊ ဘုရားလူ့ဘ၊ မုနိန္ဒလျှင်၊ တစ်ရာ့ နှစ်ဆယ်၊ ရှစ်ခွန်းကယ်၏။"

သို့ဖြစ်ပါသောကြောင့်–

| | | | | |
|---|---|---|---|---|
| သာမန်လူ | ၁–ခွန်း | = | အရှင်အာနန္ဒာ | ၈ –ခွန်း၊ |
| အရှင်အာနန္ဒာ | ၁–ခွန်း | = | ဘုရား | ၁၆ –ခွန်းဖြစ်၍၊ |
| သာမန်လူ | ၁–ခွန်း | = | အရှင်အာနန္ဒာ | ၈ –ခွန်း၊ |
| | | = | ဘုရား (၁၆×၈) | ၁၂၈ –ခွန်း ဖြစ်လေသည်။ |

ဤကဲ့သို့ လျင်မြန်စွာ နေ့ရောညပါ အသံမစဲ ဝါတွင်း ၃–လ ကာလပတ်လုံး ဟောကြားတော်မူခဲ့ခြင်းကြောင့် အဘိဓမ္မာ ၇–ကျမ်းသည် စာအုပ်ရိုက်၍ မကုန်နိုင်လောက်အောင် များပြားခြင်း ဖြစ်လေသည်၊ (အရှင်သာရိပုတ္တရာမှ တစ်ဆင့် ဟောကြားထားသော အဘိဓမ္မာ မကျဉ်းမကျယ်နည်းသည်ပင် ဆဋ္ဌသင်္ဂါယနာ တင်မူဖြင့် အုပ်ရေ ၁၂–အုပ်၊ စာမျက်နှာအားဖြင့် ၅၀၀၀–ခန့် ရှိသည်။)

## တာဝတိံသာနတ်ပြည်၌သာ ဟောကြားခဲ့ခြင်း၏ ရည်ရွယ်ချက်

အခြားသော သုတ္တန်– ဝိနည်း ဒေသနာတော်များကို လူ့ပြည်၌ ဟောကြားခဲ့သော်လည်း အဘိဓမ္မာကိုမူ တာဝတိံသာနတ်ပြည်၌သာ ဟောကြားခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ–

(၁) မယ်တော်ကို ကျေးဇူးဆပ်လိုခြင်း၊
(၂) မိဘကျေးဇူးကို သတ္တဝါတို့ နားလည်စေလိုခြင်း၊
(၃) အဘိဓမ္မာတရားကို အစ, အဆုံး တစ်ထိုင်တည်း ဟောကြားလိုခြင်း၊
(၄) အစ, အဆုံး တစ်ထိုင်တည်း ဟောမှ နာကြားရသော တရားနာသူများ အကျိုးထူး ရရှိနိုင်ခြင်း၊
(၅) အဘိဓမ္မာဒေသနာတော်၏ ကျယ်ဝန်း နက်နဲမှုကို သိစေလိုခြင်း၊

www.dhammadownload.com



(၆) လူတို့၏ အရေအတွက်ဖြင့် သုံးလခန့်ကြာအောင် ဟောကြားမှ ကုန်နိုင်မည့် အဘိဓမ္မာတရားကို လူတို့ ကြိယာပုဒ်နှင့် ဟောသူရော, နာသူပါ မနေနိုင်ခြင်း–

စသော အကြောင်းများကြောင့် တာဝတိံသာနတ်တို့၏ သက်တမ်း(အချိန်)အားဖြင့် မိနစ်, စက္ကန့်ပိုင်းမျှသာ ကြာ၍ ကြိယာပုဒ်အားဖြင့် မငြီးမငွေ့၊ မပင်ပန်းနိုင်သည့်အတွက် ဘုရားရှင်တိုင်းသည် ခြွင်းချက်ထားခဲ့ခြင်း၊ သဘောတူ ပေါင်းခဲ့ခြင်း၊ သိလောက်ပြီဆိုပြီး ကျော်ဟောခြင်း စသည်တို့ကို မပြုလုပ်ဘဲ အကြွင်းအကျန်မရှိ အသေးစိတ် ပိုက်စိပ်တိုက်ပြီး အကျယ်ဆုံး ဟောတော်မူခဲ့သောနည်း(**အတိဝိတ္ထာရနယ–အကျယ်ဆုံးနည်း**)ကို တာဝတိံသာနတ်ပြည်၌သာ ဟောတော်မူကြမြဲ ဖြစ်ပါသည်။

## ဟောကြားတော်မူပုံ အစီအစဉ်

မြတ်စွာဘုရားသည် လူသားဖြစ်တော်မူသည့်အတွက် လူသား ကြိယာပုဒ်နှင့် လူသားတို့၏ အချိန်အတိုင်း ဘုဉ်းပေးသုံးဆောင် အနားယူမှသာ ခန္ဓာကိုယ်မျှတတော်မူပါမည်၊ ထို့ကြောင့် တာဝတိံသာ၌ အဘိဓမ္မာတရားတော်ကို အသံမစဲ ဟောကြားနေစဉ်အတွင်း နေ့စဉ်နေ့တိုင်း နံနက်ဆွမ်းခံချိန် (၉–နာရီ)ရောက်လျှင် ပကတိမြတ်စွာဘုရားနှင့် အသွင်တူ အသံတူ ဖြစ်တော်မူသော နိမ္မိတမြတ်စွာဘုရားကို ဖန်ဆင်းတော်မူပြီး "ဤနေရာမှ ဤနေရာအထိ ဤနည်းဖြင့် ဟောကြားတော်မူစေသတည်း"ဟု အဓိဋ္ဌာန်ပြုတော်မူ၍ သပိတ်– သင်္ကန်းကို ဆောင်ယူကာ ဟိမဝန္တာ အနောတတ်ရေအိုင်သို့ ကြွဆင်းတော်မူသည်၊ ရေချိုးသန့်စင်ပြီးနောက် ဥတ္တရကုရု(မြောက်ကျွန်း)သို့ ဆွမ်းခံတော်မူပြီး အနောတတ်ရေအိုင် ဆိပ်ကမ်းသာမှာ အေးချမ်းစွာ ဆွမ်းဘုဉ်းပေးတော်မူသည်၊ ၎င်းနောက် နေ့သန့်စင် (အနားယူ)ရန်အတွက် စန္ဒကူးတောသို့ ကြွတော်မူသည်။

ထိုအခါ ရှင်သာရိပုတ္တရာမထေရ် ကြွရောက်ကာ မြတ်စွာဘုရားအား ဝတ်ကြီးဝတ်ငယ် ပြုစုပြီး အပြစ်ခြောက်ပါး ကင်းရာအရပ်မှာ ထိုင်၍ ခစားတော်မူသည်၊ ဤတွင် မြတ်စွာဘုရားက "ချစ်သား သာရိပုတ္တရာ၊ ငါဘုရားသည် ဤမျှသောတရားကို ဤသို့သော အခြင်းအရာဖြင့် ဟောကြားအပ်ပြီ"ဟု နည်းပေးညွှန်ပြလျက် အကျဉ်းချုပ်(**အတိ သင်္ခေပ နယ– အကျဉ်းဆုံးနည်း**)အားဖြင့် ဟောကြားတော်မူလေသည်။

www.dhammadownload.com



အရှင်သာရိပုတ္တရာမထေရ်ကလည်း ပဋိသမ္ဘိဒါ ၄–ပါးဖြင့် အကျယ်ချဲ့ကာ သိမြင်တော်မူပြီး တပည့်ရင်း ရဟန်း ၅၀၀–တို့အား (**နာတိဝိတ္ထာရ နာတိသင်္ခေပ နယ– မကျဉ်းမကျယ်နည်း**)ဖြင့် တစ်ဖန်ပြန်၍ ဟောကြားပို့ချ သင်ကြားပေးတော်မူခဲ့သည်၊ နောက်တစ်နေ့တွင် စန္ဒကူးတော မြတ်စွာဘုရားထံမှောက်၌ ပြန်လည်တင်ပြ အစစ်ဆေးခံရာ မြတ်စွာဘုရားက အတည်ပြု လက်ခံတော်မူသည်။

ထို့ကြောင့် အဘိဓမ္မာဒေသနာတော်သည် နည်း(၃)နည်းဖြင့် လူ့ပြည် နတ်ပြည် တစ်ပြိုင်တည်း ပေါ်ထွန်းခဲ့သည်၊ ဤတွင် အကျဉ်းနည်းနှင့် အကျယ်နည်းကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့၍ မကျဉ်းမကျယ်နည်းကို ရှင်သာရိပုတ္တရာမထေရ် ပြန်လည် ဟောကြားတော်မူခြင်းဖြစ်သည်၊ အဘိဓမ္မာဒေသနာတော်သည် သမ္မာသမ္ဗောဓိဉာဏ်(သဗ္ဗညုတဉာဏ်)တော်အရာသာ ဖြစ်ခြင်းကြောင့် ဘုရားရှင်မှလွဲ၍ မည်သည့်ပုဂ္ဂိုလ်မှ စတင် တီထွင် မဟောကြားနိုင်ချေ။

## ပထမဆုံး လေ့လာသင်ယူခွင့်ရသော လူ့ပုဂ္ဂိုလ်

လူ့ပြည်တွင် ရှင်သာရိပုတ္တရာပြီးလျှင် ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း ၅၀၀–သည် အဘိဓမ္မာတရားတော်ကို ရှေးဦးစွာ သင်ယူခွင့် နာယူခွင့် ရတော်မူကြသည်။

## နာယူခွင့် ရ–ရခြင်း အတိတ်ဇာတ်ကြောင်း

ကဿပဘုရားရှင်လက်ထက်၌ လင်းနို့သား ၅၀၀–သည် အဘိဓမ္မာဆောင် ရဟန်းတော် ၂–ပါး၏ သီတင်းသုံး နေထိုင်ရာ လိုဏ်ဂူဝယ် မှီတင်းနေထိုင်ကြရင်း အဘိဓမ္မာတရားတော် ရွတ်ဖတ်သရဇ္ဈာယ်သံကို နေ့စဉ် ကြားနာရမှုကြောင့် စိတ်နှလုံး ချမ်းမြေ့စွာ သေလွန်ခဲ့ရသည်၊ ၎င်းနောက် တာဝတိံသာနတ်ပြည်၌ နတ်သား ၅၀၀– တစ်ပြိုင်နက်တည်းဖြစ်ကာ ကဿပနှင့် ဂေါတမမြတ်စွာဘုရားတို့၏ကြား ဗုဒ္ဓန္တရ အသင်္ချေယျကာလပတ်လုံး အပါယ် ၄–ပါး မကျရောက်တော့ဘဲ နတ်ပြည်၌သာ ထပ်ကာထပ်ကာ ဖြစ်ခဲ့သည်။

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ အမျိုးကောင်းသား ၅၀၀–ဖြစ်လာကြသည်၊ ဘုရားရှင် ဂ–ဝါမြောက် တာဝတိံသာသို့ မကြွမီ

www.dhammadownload.com



ကဏှာအမည်ရှိသော ဥယျာဉ်စောင့် စိုက်ပျိုးသော သရက်ဖြူပင်ရင်းမှာ တိတ္ထိတို့ ကို ယမကပါဋိဟာရိယ(ရေမီး အစုံအစုံ တန်ဖိုးပြာဋိဟာ)ပြတော်မူပြီး ချွေချွတ်သော ပွဲတော်ကြီးတွင် သာသနာတော်ကို ကြည်ညို၍ အရှင်သာရိပုတ္တရာမထေရ်ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းပြုခဲ့ကြသည်။

ကဿပဘုရားလက်ထက်တွင် အဘိဓမ္မာတရားသံကို ကြားနာခဲ့ရသည့် အကျိုးဆက်ကြောင့် ဂေါတမဘုရားလက်ထက်မှာ အဘိဓမ္မာတရားတော်ကို ရှေးဦးစွာ သင်ကြားခွင့်ရခဲ့ပြီး တရားထူး ရတော်မူသွားကြခြင်း ဖြစ်လေသည်။

## မျက်မှောက်ကာလ၌ ပို့ချသင်ယူနေကြသော အဘိဓမ္မာတရားတော်

ရှင်သာရိပုတ္တရာက မြတ်စွာဘုရားထံတော်တွင် အတည်ပြုချက်ယူပြီးနောက် တပည့်ရဟန်း ငါးရာတို့အား ပြန်လည်ပို့ချ သင်ကြားပေးခဲ့သောနည်းအတိုင်းပင် ဖြစ်သည်၊ တာဝတိံသာနတ်ပြည်၌ ဟောကြားခဲ့သောနည်းမှာ ကျယ်လွန်းလှသဖြင့် သင်ကြားပို့ချနိုင်စွမ်း မရှိ၊ စန္ဒကူးတော၌ ရှင်သာရိပုတ္တရာအား ဟောကြားခဲ့သော နည်းမှာလည်း ကျဉ်းလွန်းလှသဖြင့် လူတို့ အသိဉာဏ်ဖြင့် နားမလည်နိုင်ပေ၊ ထို့ကြောင့် မကျဉ်းလွန်း– မကျယ်လွန်းသော ရှင်သာရိပုတ္တရာ၏ သင်ကြားပို့ချ နည်းကိုသာယူ၍ သင်ကြားပို့ချလျက် ရှိသည်။

## အဘိဓမ္မာတရားတော် စတင် ပျံ့နှံ့ရာကာလ

ဘုရားဖြစ်ပြီး ၇–ဝါမြောက် ကာလမှစ၍ ဘုရားရှင် သက်တော် ထင်ရှား ရှိစဉ် ၃၈–နှစ်အတွင်း၌ အဘိဓမ္မာ သင်ကြားပို့ချမှုသည် များစွာ ထင်ရှားကျယ်ပြန့် ခဲ့သည်။

## အဘိဓမ္မာ ၇–ကျမ်း

(၁) **ဓမ္မသင်္ဂဏီကျမ်း** – ပရမတ္ထတရားများကို (ဒုက–တိက) မာတိကာ, အလိုက် ရေတွက်ပေါင်းရုံးပြသောကျမ်း၊

(၂) **ဝိဘင်းကျမ်း** – ပရမတ္ထတရားများကို အကျယ် ဝေဖန်ဟောကြား သောကျမ်း၊

www.dhammadownload.com



(၃) ဓာတုကထာကျမ်း – ခန္ဓာ ၅–ပါး၊ အာယတန ၁၂–ပါး၊ ဓာတ် ၁၈–ပါး၊ သစ္စာ ၄–ပါးအားဖြင့် ဝေဖန် ဟောကြားသော ကျမ်း၊
(၄) ပုဂ္ဂလပညတ်ကျမ်း – ပညတ်တရားများ ဟောကြားသောကျမ်း၊
(၅) ကထာဝတ္ထုကျမ်း – အယူဝါဒရေးရာနှင့် ပတ်သက်ပြီး ဟောပြသည့်ကျမ်း၊
(၆) ယမိုက်ကျမ်း – ပရမတ္ထတရားများအားလုံး အစုံလိုက် ဟောကြားသောကျမ်း၊
(၇) ပဋ္ဌာန်းကျမ်း – အကြောင်းအကျိုးဆက်များကို ဟောပြရာကျမ်း၊

[ဆောင် ။ ။ ဓမ်၊ ဝိ၊ ဓာ၊ လ၊ က၊ ယ၊ ပဋ္ဌာန်း– အဘိဓမ္မာ ၇–ကျမ်း။]

## ဟောကြားရာ ကြာမြင့်ကာလ(ဆရာစဉ်ဆက် မှတ်သားချက်)

(၁) ဓမ္မသင်္ဂဏီ = ၁၂–ရက်၊
(၂) ဝိဘင်း = ၁၂–ရက်၊
(၃) ဓာတုကထာ = ၆–ရက်၊
(၄) ကထာဝတ္ထု = ၈–ရက်၊
(၅) ပုဂ္ဂလပညတ် = ၇–ရက်၊
(၆) ယမိုက် = ၂၀–ရက်၊
(၇) ပဋ္ဌာန်း = ၂၅–ရက်၊

[ ဆောင် ။ ❋ ဓမ္မသင်– ဝိဘင်၊ ဒွါဒသ ရက်စီ၊
၆–ရက်ကြာ၊ ကျမ်းဓာတုရယ်နှင့်၊
ပုဂ္ဂလာ ၇–ရက်၊ ဟောမြွက်ခဲ့သည်။

❋ ကထာဝတ်၊ ရက် ၈–ညီ၊
ဝီသပ၊ ယမိုက်ကျမ်း၊
ပဥ္စဝီ၊ ပဋ္ဌာနရယ်လို့၊
လသုံးလီ၊ မယ်တော်မိကို၊ ဟောသည့်ရက်တမ်း။]

စုစုပေါင်း လူတို့အရေအတွက်အားဖြင့် ဝါတွင်း ၃–လကာလပတ်လုံး၊ ရက်ပေါင်း ၉၀–ဖြစ်သော်လည်း တာဝတိံသာနတ်သက် ၁–ရက်၏ အပုံ ၄၀၀–ပုံ တစ်ပုံမျှသာရှိ၍ နတ်သက်အရ မိနစ်ပိုင်းမျှသာ ရှိသည်။

www.dhammadownload.com



# အဘိဓမ္မာနှင့် သင်္ဂါယနာ အဆက်ဆက်
## (သင်္ဂါယနာ = သံ- စုပေါင်း၍၊ ဂါယနာ- ရွတ်ဆိုခြင်း)

**ပဌမ သင်္ဂါယနာ**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး သုံးလနှင့် လေးရက်မြောက် မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ B.C(၅၄၄)တွင် အဇာတသတ်မင်းကို အမှီပြု၍ ရာဇဂြိုဟ်ပြည် ဝေဘာရတောင်၊ သတ္တပဏ္ဏိလိုဏ်ဂူ၌ ရှင်မဟာကဿပအမှူးရှိသော ရဟန္တာအရှင်မြတ်ငါးရာတို့သည် မြတ်စွာဘုရား၏ တရားတော်များကို ၇-လတိုင်တိုင် မုခပါဠ်(ခေါ်)နှုတ်ဖြင့် စုပေါင်းရွတ်ဆို သင်္ဂါယနာတင်ခဲ့ကြသည်။

(ထိုတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာပိဋကများ ပါဝင်သည်၊ သို့သော် အဘိဓမ္မာ ၇-ကျမ်းမှ ကထာဝတ္ထုမှာမူ မာတိကာလောက်သာ ပါဝင်သည်၊ တတိယ သင်္ဂါယနာမှ ပြည့်စုံစွာ ပါဝင်သည်။)

**ဒုတိယ သင်္ဂါယနာ**

သာသနာနှစ်(၁၀၀)၊ B.C(၄၄၄)၌ ဝေသာလီပြည် ဝါဠုကာရုံကျောင်းတွင် ဝဇ္ဇီတိုင်း ကာလာသောကမင်းကို အမှီပြု၍ သက်တော်(၁၈၀)ရှိတော်မူသော အရှင်မဟာယသ အမှူးရှိသော ရဟန္တာ ခုနစ်ရာတို့က ၈-လကြာအောင် မုခပါဠ်သင်္ဂါယနာ တင်ခဲ့ကြပေသည်။

(ဝိနည်းနှင့် ပတ်သက်သည့် အချက် ၁၀-ချက်ကို အကြောင်းပြု၍ ဖြစ်သည်၊ အဘိဓမ္မာနှင့် ပတ်သက်၍ ထူးခြားမှု မရှိပေ၊ သို့သော် အနာဂတ်သာသနာရေးကို မျှော်တွေး ဆင်ခြင်ရာ သာသနာနှစ်(၂၁၈)တွင် သာသနာဘေးရန်ကြီးဖြစ်မည့်အကြောင်း၊ ၎င်းရန်ကို ဖယ်ရှားနိုင်မည့်ပုဂ္ဂိုလ်မှာ "တိဿ"အမည်ရှိ ဗြဟ္မာကြီးဖြစ်ကြောင်း တွေ့၍ တာဝန်အပ်နှင်းခဲ့ပေသည်။)

**တတိယ သင်္ဂါယနာ**

ဒုတိယ သင်္ဂါယနာမှစ၍ တဖြည်းဖြည်း ခွဲထွက်လာခဲ့သော ဂိုဏ်းကွဲများသည် တတိယ သင်္ဂါယနာခေတ် သီရိဓမ္မာသောကမင်းလက်ထက်တွင် ဂိုဏ်းပေါင်း ၁၈-ဂိုဏ်းခန့်ရှိပြီး အယူဝါဒများ ရှုပ်ထွေးနေခဲ့သည်၊ သီရိဓမ္မာသောကမင်း ထေရဝါဒသာသနာတော်ကြီးကို အကြီးအကျယ် ပူဇော် ချီးမြှောက်မှုကြောင့် ဂိုဏ်းကွဲများ

www.dhammadownload.com



အနေဖြင့် စားဝတ်နေရေး ကြပ်တည်းလာပြီး ထေရဝါဒရဟန်းအသွင် ဝတ်ဆင်ကာ ရဟန်းကောင်းများနှင့် ရောနှော နေထိုင်လာခဲ့သည်၊ ၎င်းတို့၏ အယူဝါဒ အကျင့်များအားလည်း ဘုရားဟောယောင်ယောင် ပြောဟောကြပြီး ဝါဒရေးရာ ရောထွေးမှုပြုခဲ့သည်၊ တဖြည်းဖြည်း ရှုပ်ထွေးလာပြီး အယူဝါဒ မတူမျှသည့်အတွက် ဥပုသ် ပဝါရဏာ မပြုနိုင်သည်မှာ ၇–နှစ်မျှ ကြာခဲ့သည်။

ထို့ကြောင့် အာသောကမင်းကြီး ကြား၍ အသောကာရုံကျောင်းကြီးသို့ အမတ်တစ်ယောက် လွှတ်၍ ညီညွတ်စေရာ မလိမ္မာမှုကြောင့် ရဟန်းကောင်းများအား သတ်ပစ်ခဲ့သည်၊ ထို့ကြောင့် အာသောကမင်းကြီး လွန်စွာ စိတ်မကောင်းဖြစ်၍ သာသနာပြုနိုင်မည့် ပုဂ္ဂိုလ်များကို ရှာဖွေခဲ့သည်၊ သံဃာများ၏ ညွှန်ကြားချက်အရ တိဿအမည်ရှိ ဗြဟ္မာကြီးဘဝမှ စုတေလာ၍ သာသနာ့တာဝန်များကို ထမ်းဆောင်ရန် အဟောဂင်္ဂါတောင်၌ သီတင်းသုံးနေသော အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်အား တွေ့ရာ ပင့်ကြပြီး ဩဝါဒခံယူခဲ့ကြသည်၊ အယူဝါဒအမျိုးမျိုးကို ၇–ရက်လုံးလုံး သင်ယူခဲ့ကြသည်၊ ၎င်းနောက် ရဟန်းတစ်ပါးချင်း စိစစ်လေသည်၊ ဝါဒအမှန် မပြောနိုင်လျှင် လူဝတ်လဲစေခဲ့သည်၊ ပြောနိုင်လျှင် အသေးစိတ် စိစစ်ရန် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်ထံ လွှတ်လေသည်၊ ဤသို့ဖြင့် သာသနာသန့်ရှင်းရေးကို ဓမ္မစက်၊ အာဏာစက်ဖြင့် ဆောင်ရွက်တော်မူရာ သန့်စင်သော ထေရဝါဒရဟန်းပေါင်း ၆–သန်းကျော် ပေါ်ထွက်လာခဲ့ပေသည်။

၆–သန်းသော ရဟန်းတော်များ အလယ်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ထေရဝါဒ အယူဝါဒကို ပြသည့် သကဝါဒ– ၅၀၀၊ ဂိုဏ်းကွဲများ၏ အယူအဆကို ပြသည့် ပရဝါဒ– ၅၀၀၊ အားလုံးပေါင်း ဝါဒ ၁၀၀၀–ကို အမှားအမှန် ခွဲခြား ဝေဖန်နိုင်ရန် ဟောကြားတော်မူခဲ့ပေသည်၊ ထိုအချိန်မှစ၍ ကထာဝတ္ထုကျမ်းပါဝင်လာပြီး အဘိဓမ္မာ ၇–ကျမ်း ပြည့်စုံလာခဲ့ပေသည်။

သာသနာနှစ်(၂၃၅)၊ **B.C(၃၀၈)**တွင် ပါဋလိပုတ်ပြည် အသောကာရုံကျောင်း၌ သီရိဓမ္မာသောကမင်းကို အမှီပြု၍ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးပြုသော ရဟန္တာ တစ်ထောင်တို့က ၉–လကြာအောင် မုခါရုဠ္ဌ(ခေါ်)နှုတ်ဖြင့် ရွတ်ဆို သင်္ဂါယနာတင်ခဲ့ကြပေသည်။

www.dhammadownload.com



အရှင်မဟာမောဂ္ဂလိပုတ္တတိဿနှင့် အာသောကဘုရင်မင်းမြတ်တို့သည် ကိုး တိုင်း၊ ကိုးဌာနသို့ သာသနာပြုရဟန်းများကို စေလွှတ်ခဲ့သည်၊ ထို့ကြောင့် အဘိဓမ္မာ ပိဋကသည် မဇ္ဈိမဒေသ၏ အပြင်ဘက်ဖြစ်သော ထိုထိုတိုင်းနိုင်ငံများသို့ ပေါက် ရောက် ပျံ့နှံ့ခဲ့ပေသည်။

သာသနာနှစ်(၂၃၆)တွင် ပါဋလိပုတ်ပြည်မှ ရှင်မဟိန္ဒ အမှူးပြုသော မထေရ် မြတ် ၆–ပါးတို့သည် သီဟိုဠ်(သီရိလင်္ကာ)ကျွန်းသို့ ကြွ၍ သာသနာပြုခဲ့ကြပေ သည်၊ သီဟိုဠ်၌ သာသနာ ပြန့်ပွားပြီး ရဟန်းများစွာ အဘိဓမ္မာနှင့်တကွ ပိဋကတ် သုံးပုံကို သင်ယူခဲ့ကြပေသည်၊ သို့သော် ထိုအချိန်အထိ အဘိဓမ္မာနှင့်တကွ ပိဋ ကတ်သုံးပုံကို **နှုတ်တက်အာဂုံဆောင်၍သာ** သင်ကြား ပို့ချခဲ့ကြရပေသည်။

**စတုတ္ထ သင်္ဂါယနာ**

**သာသနာနှစ်(၄၅၀)၊ B.C(၉၄)**သို့ ရောက်သောအခါ အရှင်မဟာဓမ္မရက္ခိတ မထေရ် အမှူးရှိသော သံဃာတော်တို့သည် သာသနာတော် အရှည်တည်တံ့ရေး ကို မြော်တွေး၍ ဝဋ္ဋဂါမဏိအဘယမင်း၏ လက်ထက်တွင် သီဟိုဠ်ကျွန်း မလယ ဇနပုဒ် အာလောကလိုဏ်ဂူ၌ ပိဋကတ်ကျမ်းစာများကို **တာလပတ္တက္ခရာရှဋ္ဌ**(ခေါ်) **ပေထက်အက္ခရာ**ဖြင့် ၁–နှစ်ကြာ တင်ခဲ့ကြပေသည်။

ထို့ကြောင့် ထိုအချိန်မှစ၍ အဘိဓမ္မာ ၇–ကျမ်းသည် ပေထက်အက္ခရာတင် အဖြစ်သို့ ရောက်ခဲ့ကြပေသည်။

## အဘိဓမ္မာ လေ့လာမှု တိုးတက်ပုံ

သီဟိုဠ်(သီရိလင်္ကာ)ကျွန်းသို့ သာသနာတော် ရောက်စအချိန်တွင် **"ဝိနည်း သည် သာသနာတော်၏ အသက်၊ ဝိနည်းတည်မှ သာသနာတော်တည်မည်"** ဟူသော ခံယူချက်ဖြင့် ဝိနည်းကို ဦးစားပေး သင်ကြားခဲ့ပေသည်၊ နိုင်မြဲစွာ သာသနာအခြေစိုက်မိပြီး သာသနာတည်တံ့ရေးအတွက် စိတ်အေးရသောအခါ နက်နဲ သိမ်မွေ့သော အဘိဓမ္မာတရားဘက်သို့ ဦးလှည့်လာခဲ့ပေသည်။

ထို့ကြောင့် သာသနာနှစ်(၅၀၀)ကျော်လောက်မှစ၍ သီဟိုဠ်၌ အဘိဓမ္မာ လေ့လာလိုက်စားမှု ခေတ်စားလာပြီး အဘိဓမ္မာကျမ်းပြုပုဂ္ဂိုလ်များသည် တစ်ပါး ပြီး တစ်ပါး ပေါ်ထွက်လာခဲ့ပေသည်။

www.dhammadownload.com



## အဘိဓမ္မာ အဋ္ဌကထာ ပထမဆုံးကျမ်းပြုပုဂ္ဂိုလ်

သာသနာနှစ် (၉၃၀)ခန့်တွင် ပေါ်ထွန်းခဲ့သည့် အဘိဓမ္မာပထမဆုံး ကျမ်းပြုပုဂ္ဂိုလ်မှာ **အရှင်မဟာဗုဒ္ဓဃောသ** ဖြစ်ပါသည်၊ ပထမအဋ္ဌကထာဆရာတော်လည်း ဖြစ်ပေသည်၊ အကျဉ်းကို အကျယ်ချဲ့ရာတွင် နာမည် ကျော်ကြားခဲ့ပေသည်။

## တစ်ခေတ်တည်းပေါ် ကျမ်းပြုပုဂ္ဂိုလ်

**အရှင်ဗုဒ္ဓဒတ္တမထေရ်မြတ်**သည် အရှင်မဟာဗုဒ္ဓဃောသနှင့် တစ်ခေတ်တည်း ပေါ်ပေါက်လာခဲ့သော ကျမ်းပြုပုဂ္ဂိုလ်တစ်ပါး ဖြစ်ပါသည်၊ ဒုတိယအဋ္ဌကထာ ဆရာတော်လည်း ဖြစ်ပေသည်၊ အကျယ်ကို အကျဉ်းချုံးရာတွင် နာမည်ကျော်ကြားခဲ့ပေသည်၊ အိန္ဒိယတောင်ပိုင်းသားများ ဖြစ်ကြပေသည်၊ ထေရဝါဒ မဟာဝိဟာရဝါသိဂိုဏ်း ခေါင်းဆောင်ဆရာတော်များ ဖြစ်ကြပေသည်။

## အဘိဓမ္မာဋီကာ ကျမ်းပြုပုဂ္ဂိုလ်

သာသနာနှစ်(၁၁၀၀-၁၂၀၀)အတွင်းတွင် အဘိဓမ္မာဋီကာ ကျမ်းပြုဆရာတော် **အရှင်အာနန္ဒာမထေရ်** ပေါ်ထွန်းခဲ့ပေသည်၊ ထိုဆရာတော်သည် အရှင်မဟာဗုဒ္ဓဃောသ၏ အဘိဓမ္မာ အဋ္ဌကထာများကို ဋီကာကျမ်းများနှင့် ရှင်းလင်းဖွင့်ဆိုပေးခဲ့ပေသည်၊ မူလဋီကာကျမ်းဟု မော်ကွန်းတင်ခဲ့ပေသည်။

## အနုဋီကာ ကျမ်းပြုပုဂ္ဂိုလ်

မူလဋီကာ၌ မရှင်းလင်းသောအချက်များကို အနုဋီကာဖြင့် ထပ်ဆင့် ရှင်းလင်းဖွင့်ဆိုခဲ့သော ပုဂ္ဂိုလ်မှာ **အရှင်ဓမ္မပါလမထေရ်** ဖြစ်ပေသည်၊ ၎င်းပြင် အဋ္ဌကထာ ၈-ကျမ်းနှင့် ဋီကာ ၇-ကျမ်းများကို ပြုစုခဲ့ပေသည်၊ ထို့ကြောင့် အဋ္ဌကထာဆရာတော်အဖြစ်ရော၊ ဋီကာဆရာအဖြစ်ရော ကျော်ကြားခဲ့ပေသည်၊ အရှင်မဟာဗုဒ္ဓဃောသ ပြီးပါက အကျော်ကြားဆုံး ဖြစ်ပါသည်။

## အဘိဓမ္မတ္ထသင်္ဂဟ(သင်္ဂြိုဟ်)ကျမ်းပြုပုဂ္ဂိုလ်

သာသနာနှစ် ၁၅၀၀(၁၅-ရာစုခန့်)တွင် သီဟိုဠ်ကျွန်း၌ အရှင်အနုရုဒ္ဓါမထေရ်မြတ် ပေါ်ထွန်းခဲ့ပေသည်၊ ၎င်းသည် အဘိဓမ္မတ္ထသင်္ဂဟကျမ်း(သင်္ဂြိုဟ်

www.dhammadownload.com



ကျမ်း)ကို ရေးသားခဲ့ပေသည်၊ **သင်္ဂဟ=သင်္ဂြိုဟ=သင်္ဂြိုဟ်မှာ** အဘိဓမ္မာ ၇-ကျမ်းကို အကျဉ်းချုပ် ရေးသားထားသောကျမ်းဟု အဓိပ္ပာယ်ရလေသည်၊ အရှင်အနုရုဒ္ဓါအရှင်မြတ်သည် အဘိဓမ္မာတရားများကို သင်္ဂြိုဟ် ၉-ပိုင်း အစီအစဉ်အားဖြင့် ရေးသားခဲ့ပါသည်။

## မွေးဖွားရာဒေသ

အရှင်အနုရုဒ္ဓါမထေရ်မြတ်၏ မွေးဖွားရာဒေသမှာ အိန္ဒိယတောင်ပိုင်း၊ စောဠတိုင်း ကဉ္စိပုရနယ် ကာဝေရီမြို့ ဖြစ်ပေသည်၊ ကဉ္စိပုရနယ်သည် မဒရပ်မြို့မှ အနောက်တောင် ၅၇-မိုင်အကွာ၌ တည်ရှိပေသည်၊ ကွန်ဂျီဗာရမ်ဟုလည်းခေါ်သည်။

## ကျောင်းထိုင်ရာဒေသ

အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် သီဟိုဠ်မြို့၌ ကျောင်းထိုင်ခဲ့ပေသည်၊ မထေရ်မြတ်၏ မူလ သီတင်းသုံးရာကျောင်းတိုက်အမည်မှာ မဟာဝိဟာရဝါသီကျောင်း ဖြစ်ပြီး နောက်သီတင်းသုံးရာကျောင်းတိုက်အမည်မှာ တု-မူလသောမကျောင်း ဖြစ်ပေသည်၊ အဘိဓမ္မာတရားကို လူသားများ နားလည်သဘောပေါက်လွယ်စေရန်အတွက် ပြန်လည်ရေးသားပေးပါရန် လျှောက်ထားပေးခဲ့သော ကျောင်းဒကာကြီး 'နမ္ပ'ဆိုသူ လှူဒါန်းခဲ့သော ကျောင်းဖြစ်၏။

## သီဟိုဠ်သင်္ဂြိုဟ်နိသျှယကျမ်းပြုပုဂ္ဂိုလ်

သာသနာနှစ် (၁၇၀၀-၁၇၅၀)တွင် သီဟိုဠ်သာသနာပိုင်ဆရာတော် အရှင်သာရိပုတ္တရာမထေရ် ပေါ်ထွန်းခဲ့ပေသည်၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ထပ်ဆင့်ရှင်းလင်း ဖွင့်ဆိုခဲ့သော 'သီဟိုဠ်သင်္ဂြိုဟ်နိသျှယကျမ်း'ကို ပြုစုခဲ့သည်၊ အလွန်ထင်ရှားခဲ့ပေသည်၊ **ဋီကာကျော်**ဟုခေါ်သော အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျမ်း၏ မြစ်ဖျားခံ အခြေစိုက်ရာကျမ်းဖြစ်ခဲ့သည်၊ နိသျှယဋီကာကျမ်းမျိုး ဖြစ်ပေသည်။

## အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာကျမ်းပြုပုဂ္ဂိုလ်

သာသနာနှစ် ၁၇-ရာစု နောက်ပိုင်း၌ ၎င်းသီဟိုဠ်သင်္ဂြိုဟ်နိသျှယကျမ်းအား အခြေခံ၍ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ (ဋီကာကျော်)ကျမ်းအား ပြုစုခဲ့သူ **''အရှင်သုမင်္ဂလသာမိ မထေရ်''**ပေါ်ထွန်းခဲ့ပေသည်၊ ထိုမထေရ်မြတ်သည် ဋီကာကျော်

www.dhammadownload.com



ကျမ်းကို ၂၄–ရက်နှင့်အပြီး ရေးသားခဲ့ပေသည်၊ အရှင်အနုရုဒ္ဓါမထေရ်၏ အဘိဓမ္မတ္ထ သင်္ဂဟကျမ်းအား ဖွင့်ဆိုခဲ့သော ဋီကာကျမ်းပေါင်းများစွာထဲတွင် အရှင်သုမင်္ဂလ သာမိမထေရ်၏ ဋီကာကျမ်းသည် အထင်ရှားဆုံး အကျော်ကြားဆုံးဖြစ်ပေသည်။

## မြန်မာနိုင်ငံသို့ တတိယသင်္ဂါယနာ တင်ပြီးနောက်

သာသနာနှစ်(၂၃၆)သို့ ရောက်ပြီး ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော်မူရာ၌ သုဝဏ္ဏဘူမိ(သထုံ)တွင် အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ ရောက်ရှိ သာသနာပြုခဲ့ပေသည်၊ ထိုအချိန်မှစ၍ အဘိဓမ္မာတရားတော်များကို ကြားနာ ပူဇော်ခွင့်ရခဲ့ရာ သထုံခေတ်မှသည် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်သို့ ဤသို့ဖြင့် ခေတ်အဆက်ဆက် ပျံ့နှံ့ခဲ့ကြပေသည်၊ ထိုမှတစ်ဆင့် လယ်တီဆရာတော်သည် အဘိဓမ္မာတရားများကို လင်္ကာများဖြင့် ရေးသားခဲ့ပေသည်၊ ၎င်းနောက် အဘိဓမ္မာတရားများကို ဇယားနည်းဖြင့် ပြန်လည်ရေးသားခဲ့သော ပုဂ္ဂိုလ်မှာ အဂ္ဂမဟာပဏ္ဍိတ(အဘိဓမ္မာ ပြည်တွင်းပြည်ပ ဂဏ္ဍကာရ) ခင်ဦးတောရ **မူလပဋ္ဌာန်းဆရာတော် ဦးနာရဒ** ဖြစ်ပါသည်။

### ပဥ္စမ သင်္ဂါယနာ

တတိယ သင်္ဂါယနာ တင်ပြီးနောက်မှစ၍ မြန်မာနိုင်ငံတွင် ဗုဒ္ဓ၏ အဆုံးအမ တရားတော်များကို ကြားနာပူဇော်ကျင့်ကြံခွင့်များ ရရှိလာခဲ့ရာ **သာသနာတော်နှစ် (၂၄၁၅)ခုနှစ်၊ A.D (၁၈၇၁)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၂၃၃)ခုနှစ်၌** မြန်မာနိုင်ငံ ရတနာပုံနေပြည်တော် မင်းတုန်းမင်းတရားကြီးကို အမှီပြု၍ တံဆိပ်တော်ရ သုဓမ္မာ ဆရာတော်ကြီး ၈–ပါး ကြီးမှူးပြီး သံဃာတော် အရှင်သူမြတ်ပေါင်း (၂၄၀၀) ခြံရံကာ ပဥ္စမ သင်္ဂါယနာ တင်ခဲ့ကြသည်။

ကောဇာသက္ကရာဇ် (၁၂၂၂)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁–ရက်နေ့မှ (၁၂၃၀)ခုနှစ်၊ ကဆုန်လဆန်း ၁၄–ရက်အထိ ကျောက်ပြားချပ်ပေါင်း (၇၂၉)ချပ်ဖြင့် (၇–နှစ်၊ ၆–လ၊ ၁၄–ရက်)ကြာ **သေလက္ခရာရှင်(ခေါ်) ကျောက်ထက်အက္ခရာ** တင်ခဲ့ပြီး (၁၂၃၀)ခုနှစ်မှ (၁၂၃၃)ခုနှစ်အထိ ၃–နှစ်ကြာ **မုခါရုဠ် နှုတ်နှင့်အာဂုံ** ပြန်ဆိုခဲ့ကြသည်။

www.dhammadownload.com



**ဆဋ္ဌမ သင်္ဂါယနာ**

**သာသနာတော်နှစ်(၂၄၉၈)ခုနှစ်၊ A.D (၁၉၅၄)ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၁၆) ခုနှစ်၌** မြန်မာနိုင်ငံ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူကြီး၌ မြန်မာ၊ ယိုးဒယား(ထိုင်း)၊ သီဟိုဠ်(သီရိလင်္ကာ)၊ ကမ္ဘောဒီးယား၊ လော(လာအို) ထေရဝါဒ ၅-နိုင်ငံမှ အဘိဓဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ အမှူးထား၍ သံဃာတော်အပါး (၂၅၀၀)တို့ စုပေါင်း၍ **ပေါတ္ထကာရုဠှ, မုခါရုဠှ**- စာဖတ် ပုံနှိပ်ခြင်း, ရွတ်ဆိုခြင်း နှစ်ပါးစုံဖြင့် သင်္ဂါယနာတင်ခဲ့ကြသည်၊ ဤတွင် နာယက ဆရာတော်အဖြစ် ညောင်ရမ်းဆရာတော်ဘုရားကြီး ဆောင်ရွက်၍ အမေးဆရာတော်အဖြစ် မဟာစည်ဆရာတော်၊ အဖြေဆရာတော်အဖြစ် မင်းကွန်းတိပိဋကဓရဆရာတော်တို့ ဆောင်ရွက်ကြသည်။

သာသနာနှစ်(၂၄၉၈)ခုနှစ်မှ (၂၅၀၀)ပြည့်နှစ်၊ ကောဇာသက္ကရာဇ် (၁၃၁၆) ခုနှစ်၊ ကဆုန်လမှ (၁၃၁၈)ခုနှစ်၊ ကဆုန်လအထိ ၂-နှစ်တိုင်တိုင် ကျင်းပခဲ့ကြသည်၊ ထိုအချိန်မှစ၍ ဗုဒ္ဓဝစနခေါ် တရားတော်တို့သည် ပုံနှိပ်မှုအဖြစ်သို့ ရောက်ရှိလာခဲ့သည်၊ ဤသို့ ကျေးဇူးတော်ရှင် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက်ပိုင်း ဘုရားသားတော် သံဃာတော် အရှင်သူမြတ်များနှင့် သာသနာပြု မင်းကောင်းမင်းမြတ်များ၊ ဥပါသကာ- ဥပါသိကာမများ၊ ဆရာ-ဒကာ လက်တွဲ၍ သာသနာတော် အဓွန့်ရှည် တည်တံ့- ခိုင်မြဲ- ပြန့်ပွားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြဖြင့် ယနေ့ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် နှစ်ပေါင်း (၂၅၅၄)ကျော်လာသည့်တိုင်အောင် အဓွန့်ရှည် တည်တံ့- ခိုင်မြဲနေသေးသော်လည်း အမြဲမတည်သော အနိစ္စသဘောကြောင့် နောင်တစ်ချိန်သော ကာလတွင် ကွယ်ပသွားရမည်သာဖြစ်ကြောင်း ကျေးဇူးတော်ရှင် မြတ်စွာဘုရား၏ အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဟောကြားတော်မူထားချက်များကို ရှေးဆရာသခင် ပညာရှင်ကြီးများက နောင်းလူသားတို့ သတိပြုဆင်ခြင် ထိန်းသိမ်း ကာကွယ်စေခြင်းငှာ ရေးသား မိန့်ဆိုထားခဲ့ကြလေသည်။

**သာသနာကွယ်ကြောင်းတရား ၅-ပါး၊ ၃-မျိုး။**

၁။ အင်္ဂုတ္တိုရ်လာ၊ သာသနာကွယ်ကြောင်း။ တရားအပေါင်းကား-
တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မ ပဋိပတ်ကွာ၊ ဤငါးဖြာတည်း။

www.dhammadownload.com



၂။ နောင်လာထို့ပြင်၊ စာသင်ပယ်လျှော့၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွမအံ့၊ မကြံမစည်၊ ဤငါးမည်တည်း။

၃။ ဝါတစ်နည်းမှာ၊ "အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြ၊ ဆုံးမ မယူ၊ စာချသူရှား၊ လာဘ်များအောင်ကြံ၊ ခိုက်ရန်ကွဲပြား"
ဤငါးပါးသည် ဘုရားသာသနာ ကွယ်ကြောင်းတည်း။

ဖော်ပြပါ သာသနာတော် ကွယ်ပရာ ကွယ်ပကြောင်းတရားများကို တစ်စ တစ်စ ပြုကျင့်လာကြသောအခါ ကျေးဇူးတော်ရှင် မြတ်စွာဘုရား ပင်ပန်းဆင်းရဲ ကြီးစွာ အနစ်နာခံ ပါရမီဖြည့်ဆည်း၍ ကြိုးပမ်း ရွက်ဆောင်တော်မူခဲ့သည့် သာသနာ တော်မြတ်ကြီးသည် အောက်ပါအတိုင်း သာသနာတော် ကွယ်ပုံကွယ်နည်း ၅-ပါး ဖြင့် အဆင့်ဆင့် ကွယ်ပသွားမည် ဖြစ်ကြောင်းကိုလည်း ထိတ်လန့်သံဝေဂ ရယူ ဆင်ခြင်နိုင်ရန် ဆက်လက် ဟောကြားမိန့်ဆိုထားခဲ့ပါသည်။

## သာသနာကွယ်ခြင်း ၅-ပါး(သာသနာကွယ်ပုံ ကွယ်နည်း)

၁။ **ပရိယတ္တိသာသနာခေါ်** ပိဋကတ်သုံးပုံများ တစ်စတစ်စ ကွယ်ပျောက်ခြင်း၊

၂။ **ပဋိပတ္တိသာသနာခေါ်** ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်ရကြောင်း အကျင့်ကောင်းများ ပျက်ပြား ဆုတ်ယုတ် ကွယ်ပျောက်လာခြင်း၊

၃။ **ပဋိဝေဓသာသနာခေါ်** မဂ်၊ ဖိုလ်၊ ပဋိသမ္ဘိဒါ၊ ဈာန်၊ အဘိညာဉ်တို့ တစ်စတစ်စ ရသူမရှိ ကွယ်ပျောက်၍သွားခြင်း၊

၄။ **လိင်္ဂသာသနာခေါ်** ပရိက္ခရာရှစ်ပါးဆောင်သော ရဟန်းအသွင်တို့ တွင် တစ်စတစ်စ သပိတ်ဆောင်သူ၊ ခါးပန်းဆောင်သူ၊ ဒုကုဋ်ဆောင်သူ မရှိဘဲနှင့် ကွယ်ပျောက်သွားရာ နောက်ဆုံး သင်္ကန်းစကို နသန်ပန်ဆောင်ရာမှ စွန့်ပစ်ကြသောအခါ ရဟန်းအသွင်များ လုံးဝ ကွယ်ပျောက်သွားခြင်း၊

၅။ **ဓာတုသာသနာခေါ်** ဗုဒ္ဓနှင့် သာဝကများ၏ ဓာတ်တော် မွေတော်တို့ကို ကိုးကွယ်ဆည်းကပ် မြတ်နိုးသူတို့ လုံးဝ မရှိသောအခါ ဓာတု ပရိနိဗ္ဗာန်ပြုခြင်းဖြင့် သာသနာတော်မြတ် လုံးဝ ဇာတ်သိမ်း ကွယ်ပျောက်ခြင်း။

www.dhammadownload.com



## ပရိယတ္တိသာသနာတော်မြတ်ကြီးကို အားပေးချီးမြှောက် ဆောင်ရွက်သင့်ပါပြီ

သို့ပါသောကြောင့် ရတနာမြတ်သုံးပါး၏ ကျေးဇူးကို အထူးသိမြင်၍ ကျေးဇူး တုန့်ဆပ် ပူဇော်လိုသူတိုင်းသည် သာသနာတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲ ပြန့်ပွားစေရေးအတွက် မြတ်ဗုဒ္ဓ၏ အဆုံးအမ တရားတော်များကို ကိုယ်တိုင်လည်း သင်ယူခြင်း၊ သူတစ်ပါးတို့အားလည်း သင်ယူစေခြင်း၊ လိုက်နာ ကျင့်ကြံကြခြင်း အစရှိသည်တို့ဖြင့် သာသနာတော်အဓွန့်ရှည် တည်တံ့စေခြင်း၏ အခြေခံအကျဆုံး ဖြစ်သော ပရိယတ္တိသာသနာတော်မြတ်ကြီးကို ''ကိုယ်တိုင်– တိုက်တွန်း– ချီးမွမ်း– စိတ်တူ''သုစရိုက်မှု ၄–ချက်နှင့်အညီ အားပေးချီးမြှောက်လျက် ကိုယ်တိုင်ကိုယ်ကျ ပါဝင် ဆောင်ရွက်သင့်ကြပါသည်။

## ကျေးဇူးတုန့်ဆပ် ပူဇော်သင့်ပါပြီ

ဤပရိယတ္တိသာသနာတော်မြတ်ကြီး၌လည်း အဦးဆုံးကွယ်ပမည့် အဘိဓမ္မာ ပိဋကတော်မြတ်ကို ယခုကဲ့သို့ စနစ်တကျ လေ့လာ သင်ယူကြလျက် မိမိတို့ သန္တာန်ဝယ် စွဲမြဲ ထုံနေစေရန် ကျက်မှတ်ခြင်း၊ အာဂုံဆောင်ခြင်း၊ စာမေးပွဲများ ဝင်ရောက်ဖြေဆိုခြင်းများကို အဆင့်ဆင့် ဆောင်ရွက်ပြီးနောက် ခန္ဓာဉာဏ်ရောက် သည့်တိုင်အောင် ဝိပဿနာဘာဝနာ ပဋိပတ်အကျင့်တို့ဖြင့် လက်တွေ့ ကျင့်ကြံ ပွားများသွားကြခြင်းဖြင့် ရတနာမြတ်သုံးပါးနှင့် သာသနာတော်မြတ်ကြီးကို ဓမ္မ ပူဇာအဖြစ် ကျေးဇူးတုန့်ဆပ် ပူဇော်သွားကြသင့်ပါသည်။

## ကျေးဇူးတုန့်ဆပ် ပူဇော်အပ်ပါသည်

သို့ဖြစ်ပါ၍ အနှိုင်းမဲ့ ကျေးဇူးတော်ရှင် မြတ်စွာဘုရားနှင့် သာသနာ့အာဇာနည် သံဃာတော်အရှင်သူမြတ်ကြီးများ ပရိနိဗ္ဗာန်ဝင်စံ ခန္ဓာချုပ်ဆုံးသည့်တိုင်အောင် သတ္တဝါအများ အကျိုးစီးပွားအလို့ငှာ အဆင့်ဆင့် လက်ဆင့်ကမ်း ရွက်ဆောင် ထားရှိတော်မူခဲ့သည့် သာသနာတော်မြတ်ကြီး သန့်ရှင်း– တည်တံ့– တိုးတက်– ပြန့်ပွားစေရေးအတွက်–

''**ရွှေအုတ်ကြီးများ ပြိုလေသောအခါ ငွေအုတ်၊ ကြေးအုတ်၊ ကျောက် အုတ်၊ ရွှံ့အုတ်၊ လက်အုတ်များဖြင့် အဆင့်ဆင့် အစားထိုး၍ အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ စွမ်းဆောင်နိုင်သမျှ ပါဝင် ကူညီ ဆောင်ရွက်သင့်သည်**''ဟု တာဝန်

www.dhammadownload.com



သိမြင် ကျေးဇူးတုန့်ဆပ် ပူဇော်လိုပါသောကြောင့် စာရေးသူ၏ လက်ဦးဆရာဖြစ်သော ကျေးဇူးရှင်ဖခင် မြတ်ရတနာ ဆရာကြီး ဦးမြသောင်း (သာကီနွယ်)၏ လက်ဆင့်ကမ်း ပခုံးပြောင်းအမွေကို တာဝန်တစ်ရပ်အဖြစ် လေးနက် မြတ်နိုးစွာ ခံယူလျက် ၁၉၈၀–ခုနှစ်မှ ၁၉၈၈–ခုနှစ်အထိ မင်္ဂလာဗျူဟာအသင်းချုပ်အနေဖြင့်လည်းကောင်း။ ၁၉၈၉–ခုနှစ်မှ ယနေ့အထိ ဓမ္မဗျူဟာသာသနမာမကအဖွဲ့အနေဖြင့်လည်းကောင်း မြတ်ဗုဒ္ဓ၏ အဆုံးအမဖြစ်သော အဘိဓမ္မာတရားတော်မြတ်အပါအဝင် ဓမ္မစာပေ သင်တန်းများကို ဓမ္မဒါန ပို့ချပေးလျက်ရှိသည့်အပြင် သာသနာတော် ပြန့်ပွားရေး အတွက်လည်း တိုင်းနှင့် ပြည်နယ်ပေါင်း (၁၀)ဌာန၊ မြို့ပေါင်း (၃၀)ကျော် သင်တန်းများ ပို့ချပေးနိုင်ခဲ့ပါသည်။

ထိုထိုမြို့များ၌သာမက သတင်းစကား ပြန့်နှံ့ ဆက်နွယ် နီးစပ်ရာ မြို့ရွာဒေသများမှ ဓမ္မမိတ်ဆွေများ၏ မေတ္တာရပ်ခံ တောင်းဆိုချက်များအရ သင်ကြား ပို့ချပေးမည့်ဆရာ မရှိသော်လည်း အဘိဓမ္မာတရားတော်ကို စာမေးပွဲများတိုင် ဝင်ရောက် ဖြေနိုင်ကြပြီး ခန္ဓာဉာဏ်ရောက် ဆက်လက် လေ့လာသိမြင် ဆင်ခြင်သွားနိုင်ကြ၍ လက်တွေ့ ကျင့်ကြံပွားများနိုင်ကြစေရေးအတွက် ရည်သန်လျက် ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း(သင်္ဂြိုဟ် ၉–ပိုင်း)မှတ်စုကို အုတ်တစ်ချပ်– သဲတစ်ပွင့် ပမာ နိုင်ရာဝန်ထမ်းလျက် ရေးသားပြုစု ထုတ်ဝေပေးအပ်ပါသည်၊ ဤ သာသနာပြု ကုသိုလ်အစုစုဖြင့် ရတနာမြတ်သုံးပါး၊ မိဘ ဆရာသမား၊ ကျေးဇူးရှင်အပေါင်းနှင့် သာသနာတော်မြတ်ကြီးအား ဓမ္မပူဇာအဖြစ် လေးစားမြတ်နိုး ရှိသေစွာဖြင့် ကျေးဇူး တုန့်ဆပ် ပူဇော်အပ်ပါသည်။

❋ ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ လင်းပါစေ၊

❋ ဗုဒ္ဓမြတ်စွာသာသနာ အရှည်စုံ၍ သန့်ရှင်း–တည်တံ့–တိုးတက်–ပြန့်ပွား နိုင်ပါစေ၊

ဓမ္မဗျူဟာ– ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ (ဖုန်း– ၃၈၀၈၈၀)

www.dhammadownload.com

# အဘိဓမ္မာ(ရိုးရိုး)သင်တန်း

# အဘိဓမ္မတ္ထသင်္ဂဟ (သင်္ဂြိုဟ်)ကျမ်း

## ပထမဆင့် (မှတ်စု)

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**ကျမ်းပြုဆရာတော် အရှင်အနုရုဒ္ဓါ၏ ရတနတ္တယ ပဏာမနှင့် ပဋိညာဉ်**

သမ္မာသမ္ဗုဒ္ဓ မတုလံ၊ သ,သဒ္ဓမ္မ ဂဏုတ္တမံ၊
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထ သင်္ဂဟံ။

**သမ္မာသမ္ဗုဒ္ဓံ**– မဖောက်မပြန် ကိုယ်တော်တိုင်သာ အလုံးစုံသော တရားတို့ကို သိတော်မူပြီးဖြစ်သော၊ **အတုလံ**– ပြိုင်ဘက်ရည်တူ ရှိတော်မမူထသော၊ **သ,သဒ္ဓမ္မ ဂဏုတ္တမံ**– သုံးပါးသော သဒ္ဓမ္မ, မြတ်သော အရိယာဂိုဏ်းနှင့်တကွ ဖြစ်တော်မူထသော မြတ်စွာဘုရားကို၊ **အဘိဝါဒိယ**– အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ဖို့ ချီးမြှောက်ထောမနာ လွန်စွာကြည်နူး အထူးအားဖြင့် ရှိခိုးပါ၏။ ။

(ရတနတ္တယ ပဏာမ = ရတနာမြတ်သုံးပါးအပေါင်းအား ရှိခိုးမှုပြီး၏။)

အထူးအားဖြင့် ရှိခိုးပြီး၍ ...

**အဘိဓမ္မတ္ထ သင်္ဂဟံ**– အဘိဓမ္မာဒေသနာတော်၏ အနက်တို့ကို အကျဉ်းချုံး၍ ယူရာယူကြောင်း ဖြစ်သောကြောင့် အဘိဓမ္မတ္ထသင်္ဂဟဟု အမည်ရသော သင်္ဂြိုဟ်ကျမ်းခေါ် လက်သန်းအဋ္ဌကထာကျမ်းကို၊ **ဘာသိဿံ**– မိန့်ဆို တီထွင် စီရင်ပေအံ့။

(ပဋိညာဉ် = "ပြုစီရင်အံ့, ပြုစီရင်မည်"ဟု ဝန်ခံမှုပြီး၏။)

www.dhammadownload.com



## ပရမတ္ထတရား ၄-ပါး

ပရမတ္ထ = ပရမ + အတ္ထ

= **ပရမ**– မြတ်သော, အချုပ်ပဓာနဖြစ်သော + **အတ္ထ**– အနက် (အထည်ကိုယ်, သဘော)

= (၁) **မိမိတို့ဆိုင်ရာ သဘောလက္ခဏာများမှ မဖောက်မပြန် မှန်ကန်တည့်မတ် မြတ်သော သဘောတရားသည် ပရမတ် မည်၏။**

(၂) လူ နတ် ပြဟ္မာ သတ္တဝါအထွေထွေ, မြေ ရေ တော တောင် စသည်ဖြင့် အထည်ဝတ္ထု ပညတ်စုများ မည်မျှပင် များစေကာမူ လိုရင်းအချုပ် အသားတင် စစ်ထုတ်လိုက်သော် အချုပ်ပဓာန အားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့မှတစ်ပါး ရှာမရချေ။

ထို့ကြောင့် **အချုပ်ပဓာနအားဖြင့် ထင်ရှားရှိသော စိတ် စသော တရား ၄–ပါးသည် ပရမတ် မည်၏။**

[ဆောင်။ ။ (၁) မဖောက်မပြန်၊ မှန်ကန်တည့်မတ်၊ ဂုဏ်သကတ်၊ အမြတ်ဟူ၍ခေါ်။

(၂) အထည်ဝတ္ထု၊ ပညတ်စုတွေ၊ များပလေလည်း၊ အခြေအမြစ်၊ စိစစ်ထုတ်က၊ အချုပ်ပဓာန၊ တစ်နည်းပြ ပရမဟုခေါ်။]

## အဘိဓမ္မတ္ထ နှင့် ပရမတ္ထ အရ တူ–မတူ

**အဘိဓမ္မတ္ထသည်** – ပရမတ္ထအားဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟု လေးပါးသာ ရှိသော်လည်း ရထိုက်သမျှ ရေတွက်လျှင် ပညတ်နှင့်တကွ ၅–ပါး ရှိပါသည်။

**ပရမတ္ထကား** – စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်အားဖြင့် ၄–ပါးသာ ရှိပါသည်။

ထို့ကြောင့် **အဘိဓမ္မတ္ထနှင့် ပရမတ္ထတို့ အရ မတူကြပါ။**

www.dhammadownload.com



## ပရမတ္ထတရား ၄-ပါး

၁။ **စိတ်** = အာရုံကို ရအောင်ယူနိုင်ခြင်းဖြင့် သိတတ်သော သဘောတရား၊

၂။ **စေတသိက်** = စိတ်၌ မှီ၍ စိတ်ကို ခြယ်လှယ်တတ်သော သဘောတရား၊

၃။ **ရုပ်** = အပူ အအေး စသော ဆန့်ကျင်ဘက် အကြောင်းများကြောင့် ရှေးအစဉ်နှင့် နောက်အစဉ် မတူအောင် ပြောင်းလဲဖောက်ပြန်တတ်သော သဘောတရား၊

၄။ **နိဗ္ဗာန်** = တဏှာကုန်ခန်းခြင်းသဘော, ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းခြင်းသဘောတရား၊

❖ ❖ ❖ ❖ ❖

www.dhammadownload.com



## ၁။ စိတ်ပိုင်း

### ဘုံအပြားအားဖြင့်စိတ်အမည် ၄-မျိုး

၁။ **ကာမာဝစရစိတ်** = ကာမတဏှာ၏ အာရုံဖြစ်သောကြောင့် ကာမဘုံ၌ သက်ဝင်၍ဖြစ်သောစိတ်၊ (တစ်နည်း) ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ်၊ = ၅၄-ပါး

၂။ **ရူပါဝစရစိတ်** = ရူပတဏှာ၏ အာရုံဖြစ်သောကြောင့် ရူပဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်၊ (တစ်နည်း) ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ်၊ = ၁၅-ပါး

၃။ **အရူပါဝစရစိတ်** = အရူပတဏှာ၏အာရုံဖြစ်သောကြောင့် အရူပဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်၊ (တစ်နည်း) အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ်၊ = ၁၂-ပါး

၄။ **လောကုတ္တရာစိတ်**= လောကသုံးပါးမှ လွတ်မြောက်သောစိတ် (ဝါ) လောကသုံးပါးထက် လွန်ကဲ မြင့်မြတ်သောစိတ် = ၈-ပါး

စုစုပေါင်း စိတ်အကျဉ်း = ၈၉-ပါး

[မှတ်ချက်။ ။ လောကုတ္တရာစိတ် ၈-ပါးကို ဈာန် ၅-ပါးဖြင့် အကျယ်ပွားသော လောကုတ္တရာစိတ်အကျယ် ၄၀-ပါးဖြစ်၍၊ စုစုပေါင်း စိတ်အားဖြင့်လည်း စိတ်အကျယ် ၁၂၁-ပါး ဖြစ်၏။]

www.dhammadownload.com



## စိတ်၌ယှဉ်သော ခံစားမှု (ဝေဒနာ) အပြား

| သင်္ကေတ | ဝေဒနာ ၅-ပါး | အဓိပ္ပာယ် |
|---|---|---|
| △ | သုခဝေဒနာ | ခန္ဓာကိုယ်၌ဖြစ်သော ချမ်းသာသော ခံစားမှု |
| ▲ | ဒုက္ခဝေဒနာ | ခန္ဓာကိုယ်၌ဖြစ်သော ဆင်းရဲသော ခံစားမှု |
| ○ | သောမနဿဝေဒနာ | စိတ်၌ဖြစ်သော ချမ်းသာသော ခံစားမှု |
| ☆ | ဒေါမနဿဝေဒနာ | စိတ်၌ဖြစ်သော ဆင်းရဲသော ခံစားမှု |
| ● | ဥပေက္ခာဝေဒနာ | စိတ်၌ဖြစ်သော အသင့်အတင့် ခံစားမှု |

**သဟဂုတ်စိတ်** = အတူတကွ ဖြစ်သောစိတ်။

**သမ္ပယုတ်စိတ်** = ဒိဋ္ဌိ၊ ပဋိဃ(ဒေါသ)၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဉာဏ်(ပညာ) ဟူသော စေတသိက် အထူးတို့နှင့် ယှဉ်သောစိတ်။

**ဝိပ္ပယုတ်စိတ်** = ထို စေတသိက် အထူးတို့နှင့် မယှဉ်သောစိတ်။

**သင်္ခါရ** = တစ်စုံတစ်ခုသော ကိစ္စကို မပြုလုပ်လို၍ တွန့်တို ဆုတ်နစ်နေသော စိတ်ကို တိုက်တွန်း နှိုးဆော် ပြုပြင်ပေးတတ်သော သဘော။

**အ,သင်္ခါရိကစိတ်** = (မိမိ,သူတစ်ပါးတို့၏) တိုက်တွန်း နှိုးဆော် ပြုပြင်ပေးမှု သင်္ခါရမပါဘဲ ပင်ကိုယ်သဘောအလျောက် ဖြစ်သော စိတ်။

**သ,သင်္ခါရိကစိတ်** = (မိမိ,သူတစ်ပါးတို့၏) တိုက်တွန်း နှိုးဆော် ပြုပြင်ပေးမှု သင်္ခါရနှင့်တကွ ဖြစ်သောစိတ်။

www.dhammadownload.com



## (၁) ကာမာဝစရစိတ် ၅၄–ပါး

| | | |
|---|---|---|
| အကုသိုလ်စိတ် | = | ၁၂–ပါး |
| အဟိတ်စိတ် | = | ၁၈–ပါး |
| ကာမသောဘနစိတ် | = | ၂၄–ပါး |
| ပေါင်း ကာမာဝစရစိတ် | = | ၅၄–ပါး |

**ကာမာဝစရစိတ်** = (၁) ကာမတဏှာ၏ အာရုံဖြစ်သောကြောင့် ကာမဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်၊

(၂) ကာမ ၁၁–ဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ်၊

## (က) အကုသိုလ်စိတ် ၁၂–ပါး

| | | |
|---|---|---|
| လောဘမူစိတ် | = | ၈–ပါး |
| ဒေါသမူစိတ် | = | ၂–ပါး |
| မောဟမူစိတ် | = | ၂–ပါး |
| ပေါင်း အကုသိုလ်စိတ် | = | ၁၂–ပါး |

**အကုသိုလ်စိတ်** = (၁) မကောင်းသောစိတ်၊ အပြစ်ရှိသောစိတ်။

(၂) မကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာ ရှိသော အကြောင်းစိတ်၊

(၃) ကုသိုလ်နှင့် ဆန့်ကျင်ဘက် ဖြစ်သောစိတ်၊

(ပဟာတဗ္ဗတရား = ကုသိုလ်ဖြင့် ပယ်အပ်သောတရား)

www.dhammadownload.com



လောဘမူစိတ် = (၁) လောဘ မူလရှိသောစိတ်၊
(၂) လိုချင်တပ်မက်မှု လောဘစေတသိက် အရင်းခံသော စိတ်၊

ဒိဋ္ဌိ (မိစ္ဆာဒိဋ္ဌိ) = မှားယွင်းသော အယူအဆ၊

လောဘမူစိတ် ၈-ပါး ဖြစ်ပုံ

| | | | |
|---|---|---|---|
| ၁။ | သောမနဿ သဟဂုတ် စိတ်ချမ်းသာသောခံစားမှု နှင့် အတူတကွဖြစ်၍ | ဒိဋ္ဌိဂတ သမ္ပယုတ် မှားယွင်းသောအယူအဆ နှင့် ယှဉ်ပြီး | အ-သင်္ခါရိကစိတ် တိုက်တွန်းမှု မပါဘဲ ဖြစ်သောစိတ် |
| ၂။ | ။ | ။ | သ-သင်္ခါရိကစိတ် တိုက်တွန်းမှုနှင့်တကွ ဖြစ်သောစိတ် |
| ၃။ | ။ | ဒိဋ္ဌိဂတ ဝိပ္ပယုတ် မှားယွင်းသော အယူအဆ နှင့် မယှဉ်ဘဲ | အ- ။ |
| ၄။ | ။ | ။ | သ- ။ |
| ၅။ | ဥပေက္ခာ သဟဂုတ် စိတ်အသင့်အတင့် ခံစားမှု နှင့် အတူတကွဖြစ်၍ | ဒိဋ္ဌိဂတ သမ္ပယုတ် | အ- ။ |
| ၆။ | ။ | ။ | သ- ။ |
| ၇။ | ။ | ဒိဋ္ဌိဂတ ဝိပ္ပယုတ် | အ- ။ |
| ၈။ | ။ | ။ | သ- ။ |

www.dhammadownload.com



**ဒေါသမူစိတ်** = (၁) ဒေါသ မူလရှိသောစိတ်၊
(၂) ကြမ်းတမ်းခက်ထန်မှု ဒေါသစေတသိက် အရင်းခံသော စိတ်၊

**ပဋိဃ (ဒေါသ)** = ကြမ်းတမ်းခက်ထန်မှု, မကျေနပ်သောသဘော၊

ဒေါသမူစိတ် ၂-ပါး ဖြစ်ပုံ

| | | | |
|---|---|---|---|
| ၁။ | **ဒေါမနဿ သဟဂုတ်** စိတ်နှလုံးမချမ်းမြေ့သော ခံစားမှုနှင့် အတူတကွဖြစ်၍ | **ပဋိဃ သမ္ပယုတ်** ကြမ်းတမ်း ခက်ထန်မှု နှင့် ယှဉ်ပြီး | **အ–သင်္ခါရိကစိတ်** တိုက်တွန်း နှိုးဆော်မှု မပါဘဲ ဖြစ်သောစိတ် |
| ၂။ | ။ | ။ | **သ–သင်္ခါရိကစိတ်** တိုက်တွန်းနှိုးဆော်မှုနှင့် တကွဖြစ်သောစိတ် |

**မောဟမူစိတ်** = (၁) မောဟ မူလရှိသောစိတ်၊
(၂) အလွန်တွေဝေမှု မောဟစေတသိက် အရင်းခံသောစိတ်၊

**ဝိစိကိစ္ဆာ** = ရတနာသုံးပါး၊ ကံ,ကံ၏ အကျိုး၌ ယုံမှား သံသယဖြစ်ခြင်း သဘော၊

**ဥဒ္ဓစ္စ** = စိတ်ပျံ့လွင့် မငြိမ်သက်မှုသဘော၊

မောဟမူစိတ် ၂-ပါး ဖြစ်ပုံ

| | | |
|---|---|---|
| ၁။ | **ဥပေက္ခာ သဟဂုတ်** အသင့်အတင့်ခံစားမှုနှင့် အတူတကွဖြစ်၍ | **ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်** ယုံမှား သံသယဖြစ်မှုနှင့် ယှဉ်သောစိတ် |
| ၂။ | ။ | **ဥဒ္ဓစ္စ သမ္ပယုတ်စိတ်** ပျံ့လွင့် မငြိမ်သက်မှုနှင့် ယှဉ်သောစိတ် |

www.dhammadownload.com



## (ခ) အဟိတ်စိတ် ၁၈–ပါး

| | | | |
|---|---|---|---|
| | အကုသလ ဝိပါက်စိတ် | = | ၇–ပါး |
| | အဟိတ် ကုသလ ဝိပါက်စိတ် | = | ၈–ပါး |
| | အဟိတ် ကြိယာစိတ် | = | ၃–ပါး |
| ပေါင်း | အဟိတ်စိတ် | = | ၁၈–ပါး |

**အဟိတ်စိတ်** = (၁) မနိုင်မြဲသောစိတ်၊ အမြစ်မရှိသောစိတ်၊

(၂) လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟ တည်းဟူသော ဟိတ် ၆–ပါးမှ တစ်ပါးပါးနှင့်မျှ မယှဉ်နိုင်သောစိတ်၊ (ဟိတ်နှင့် မယှဉ်သောစိတ်)

**အကုသလ ဝိပါက်စိတ်** = အကုသိုလ်ကံ၏ အကျိုးဖြစ်သောစိတ်၊

**အဟိတ် ကုသလ ဝိပါက်စိတ်** = ယှဉ်ဘက်ဟိတ် မရှိသော (မနိုင်မြဲသော) ကုသိုလ်ကံ၏ အကျိုးဖြစ်သောစိတ်၊

**အဟိတ် ကြိယာစိတ်** = ယှဉ်ဘက်ဟိတ် မရှိသော (မနိုင်မြဲသော) ပြုလုပ်ကာမျှ သဘောစိတ်၊

**စက္ခုဝိညာဏ်စိတ်** = မြင်သိစိတ်၊

**သောတဝိညာဏ်စိတ်** = ကြားသိစိတ်၊

**ဃာနဝိညာဏ်စိတ်** = နံသိစိတ်၊

**ဇိဝှါဝိညာဏ်စိတ်** = စားသိစိတ်၊

**ကာယဝိညာဏ်စိတ်** = ထိသိစိတ်၊

**သမ္ပဋိစ္ဆိုင်းစိတ်** = ပဥ္စာရုံကို လက်ခံသကဲ့သို့ ဖြစ်သောစိတ်၊

**သန္တီရဏစိတ်** = ပဥ္စာရုံကို စုံစမ်းတတ်သောစိတ်၊

www.dhammadownload.com



| | | |
|---|---|---|
| ပဥ္စဒွါရာဝဇ္ဇန်းစိတ် | = | ပဥ္စဒွါရ၌ ထင်လာသောအာရုံကို ဆင်ခြင်သော စိတ်၊ |
| မနောဒွါရာဝဇ္ဇန်းစိတ် | = | မနောဒွါရ၌ ထင်လာသော အာရုံကို ဆင်ခြင် သောစိတ်၊ |
| ဟသိတုပ္ပါဒ်စိတ် | = | ဘုရား, ရဟန္တာများ၏ ပြုံးရယ်မှုကို ဖြစ်စေ သော စိတ်၊ |

| | |
|---|---|
| * ဒွေပဥ္စဝိညာဏ် ၁၀–ပါး | = စက္ခုဝိညာဏ်ဒွေး မှ ကာယဝိညာဏ်ဒွေး ထိ၊ |
| * မနောဓာတ် ၃–ပါး | = ပဥ္စဒွါရာဝဇ္ဇန်း(၁) + သမ္ပဋိစ္ဆိုင်းဒွေး(၂) |
| * အာဝဇ္ဇန်းဒွေး | = ပဥ္စဒွါရာဝဇ္ဇန်း(၁) + မနောဒွါရာဝဇ္ဇန်း(၁) |
| * အသောဘနစိတ် (၃၀) | = အကုသိုလ်စိတ် (၁၂) + အဟိတ်စိတ် (၁၈) |
| * သောဘနစိတ် အကျဉ်း (၅၉) | = စိတ်အကျဉ်း (၈၉) – အသောဘနစိတ်(၃၀) |
| သောဘနစိတ် အကျယ် (၉၁) | = စိတ်အကျယ်(၁၂၁) – အသောဘနစိတ်(၃၀) |

| | | |
|---|---|---|
| အသောဘနစိတ် | = | (၁) သောဘနစိတ်မှ တစ်ပါးသောစိတ်များ၊ (၂) သဒ္ဓါ,သတိ စသော သောဘနစေတသိက် တို့နှင့် မယှဉ်သောကြောင့် မတင့်တယ်– မကောင်းမွန်သောစိတ်၊ |
| သောဘနစိတ် | = | သဒ္ဓါ, သတိ စသော သောဘန စေတသိက်တို့ နှင့် ယှဉ်သောကြောင့် တင့်တယ်– ကောင်းမွန် သောစိတ်၊ |

www.dhammadownload.com



## (ဂ) ကာမ သောဘနစိတ် ၂၄–ပါး

| | | | |
|---|---|---|---|
| မဟာ ကုသိုလ်စိတ် | = | ၈–ပါး | |
| မဟာ ဝိပါက်စိတ် | = | ၈–ပါး | |
| မဟာ ကြိယာစိတ် | = | ၈–ပါး | |
| ပေါင်း ကာမသောဘနစိတ် | = | ၂၄–ပါး | |

**ကာမ သောဘနစိတ်** = ကာမဘုံ၌ များသောအားဖြင့် ဖြစ်သောကာမစိတ်များတွင် ပါဝင်၍ တင့်တယ် ကောင်းမွန်သောစိတ်၊

**ကုသိုလ်စိတ်** = (၁) ကောင်းသောစိတ်, အပြစ်ကင်းသောစိတ်၊
(၂) ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာ ရှိသော အကြောင်းစိတ်၊
(ပဟာယကတရား= အကုသိုလ်ကို ပယ်တတ်သောတရား)

**ဝိပါက်စိတ်** = ကုသိုလ်, အကုသိုလ်ကံတို့၏ အကျိုးဖြစ်သောစိတ်၊

**ကြိယာစိတ်** = (၁) ကုသိုလ်, အကုသိုလ် မဆိုရ ပြုလုပ်ကာမျှ ဖြစ်သောစိတ်၊
(၂) ဘုရား, ရဟန္တာများ၌ ဖြစ်သောစိတ်၊

**မဟာကုသိုလ်စိတ်** = ရူပ, အရူပ, လောကုတ္တရာကုသိုလ်တို့ထက်– များသော အရေအတွက်ရှိသော ကုသိုလ်စိတ်၊

**မဟာဝိပါက်စိတ်** = ရူပ, အရူပ, လောကုတ္တရာဝိပါက်တို့ထက်– များသော အရေအတွက်ရှိသော ဝိပါက်စိတ်၊

**မဟာကြိယာစိတ်** = ရူပ, အရူပကြိယာတို့ထက်– များသော အရေအတွက် ရှိသော ကြိယာစိတ်၊

www.dhammadownload.com



## (၂) ရူပါဝစရစိတ် ၁၅-ပါး

ရူပါဝစရ ကုသိုလ်စိတ် = ၅-ပါး
〃 ဝိပါက်စိတ် = ၅-ပါး
〃 ကြိယာစိတ် = ၅-ပါး

ပေါင်း ရူပါဝစရစိတ် = ၁၅-ပါး

**ရူပါဝစရစိတ်** = (၁) ရူပတဏှာ၏ အာရုံဖြစ်သောကြောင့် ရူပဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်၊
(၂) ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောစိတ်၊

**ရူပါဝစရ ကုသိုလ်စိတ်** = ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သော ကုသိုလ်စိတ်၊

**ရူပါဝစရ ဝိပါက်စိတ်** = ရူပဘုံသား ဗြဟ္မာကြီးများ၏ အကျိုး(ဝိပါက်) ဖြစ်သော ပဋိသန္ဓေ-ဘဝင်-စုတိစိတ်၊

**ရူပါဝစရ ကြိယာစိတ်** = ရူပဘုံ၌ များသောအားဖြင့် ဖြစ်သော ရဟန္တာတို့၏ စိတ်၊

### ရူပါဝစရ ကုသိုလ်စိတ် ၅-ပါး ဖြစ်ပုံ

| | | | |
|---|---|---|---|
| ၁ | ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၅-ပါးနှင့် တကွဖြစ်သော | ပထမဈာန် (ကုသိုလ်)စိတ် |
| ၂ | ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် (ကုသိုလ်)စိတ် |
| ၃ | ပီတိ၊ သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော | တတိယဈာန် (ကုသိုလ်)စိတ် |

www.dhammadownload.com



| | | | |
|---|---|---|---|
| ၄ | သုခ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန်(ကုသိုလ်)စိတ် |
| ၅ | ဥပေက္ခာ၊ ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန်(ကုသိုလ်)စိတ် |

[ ရူပါဝစရ ဝိပါက်စိတ် ၅-ပါး၊ ရူပါဝစရ ကြိယာစိတ် ၅-ပါး ဖြစ်ပုံ နည်းတူ သိပါ။ ]

**ဈာန်အင်္ဂါ(ဈာနင်)** = ဈာန + အင် = ဈာနင်

= ဈာန်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော (ဝိတက်, ဝိစာရ, ပီတိ, သုခ/ဥပေက္ခာ, ဧကဂ္ဂတာ) ဟူသော **စေတသိက် တစ်ပါး, တစ်ပါး။**

**ဈာန်** = (၁) အာရုံတစ်ခုအပေါ်တွင် အထူးမြဲမြံစွာ စူးစိုက် ရှုမှတ်တတ် သောသဘော၊
(စိုက်စိုက်စူးစူး၊ အထူးမြဲမြံ၊ ရှုအားသန်၊ ဈာန်ဟု ခေါ်သတတ်)

(၂) ဝိတက်, ဝိစာရ စသော ဈာန်အင်္ဂါထိုက်သော **စေတသိက် တို့၏ အပေါင်း။**

**ဈာန်စိတ်** = ဈာန်အင်္ဂါထိုက်သော စေတသိက်တို့၏ အပေါင်းဖြစ်သော ဈာန်နှင့်ယှဉ်သောစိတ်၊

## ♦ ရူပါဝစရစိတ် ၅-ပါးစီ ပြားရခြင်း

ပထမဈာန်, ဒုတိယဈာန် စသည်ဖြင့် ဈာန် ၅-မျိုး ပြားသောကြောင့် ဈာန်နှင့် ယှဉ်သော ရူပါဝစရစိတ်သည်လည်း ၅-ပါးစီ ပြားရသည်။

## ♦ ရူပါဝစရစိတ် ၁၅-ပါး ပြားရခြင်း

ရူပါဝစရကုသိုလ်, ဝိပါက်, ကြိယာစိတ်များ ၅-ပါးစီ ပြားသောကြောင့် ရူပါဝစရစိတ် (ရူပစိတ်) ၁၅-ပါး ပြားရသည်။ **(ရူပစိတ်များသည် ဈာန်အားဖြင့် ပြားသောစိတ်ပင်တည်း။)**

www.dhammadownload.com



## (၃) အရူပါဝစရစိတ် ၁၂-ပါး

| | | | |
|---|---|---|---|
| အရူပါဝစရ | ကုသိုလ်စိတ် | = | ၄-ပါး |
| ॥ | ဝိပါက်စိတ် | = | ၄-ပါး |
| ॥ | ကြိယာစိတ် | = | ၄-ပါး |
| ပေါင်း | အရူပါဝစရစိတ် | = | ၁၂-ပါး |

**အရူပါဝစရစိတ်** = (၁) အရူပတဏှာ၏ အာရုံဖြစ်သောကြောင့် အရူပဘုံ၌ သက်ဝင်၍ ဖြစ်သောစိတ်၊
(၂) အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောစိတ်၊

**အာကာသာနဉ္စာယတနစိတ်** = ကောင်းကင်ပညတ်ကို အာရုံပြုသောစိတ်၊

**ဝိညာဏဉ္စာယတနစိတ်** = ပထမ အရူပစိတ်ဖြစ်သော (အာကာသာနဉ္စာယတနစိတ်)ကို အာရုံပြုသောစိတ်၊

**အာကိဉ္စညာယတနစိတ်** = ပထမ အရူပစိတ်၏ မရှိခြင်း (နတ္ထိဘောပညတ်)ကို အာရုံပြုသောစိတ်၊

**နေဝသညာနာသညာယတနစိတ်** = ဒုတိယအရူပစိတ် (အာကိဉ္စညာယတနစိတ်)ကို အာရုံပြုသောစိတ်၊

### ◆ အရူပါဝစရစိတ် ၄-ပါးစီ ပြားရခြင်း

အာရုံ ၄-မျိုးပြားသောကြောင့် ထိုအာရုံ ၄-ပါးကို အာရုံပြုသော အရူပါဝစရဈာန်စိတ်သည်လည်း ၄-ပါးစီ ပြားရလေသည်။

www.dhammadownload.com



## ♦ အရူပါဝစရစိတ် ၁၂-ပါး ပြားရခြင်း

အရူပါဝစရ ကုသိုလ်, ဝိပါက်, ကြိယာဟု ဈာန်စိတ် ၄-ပါးစီ ပြားသော ကြောင့် အရူပါဝစရစိတ် ၁၂-ပါး ပြားရသည်။ **(အရူပစိတ်များသည် အာရုံအား ဖြင့်သာ ပြားသောစိတ်တို့ပင်တည်း။)**

## ♦ အရူပါဝစရစိတ်ဟူသမျှ ပဉ္စမဈာန်

ရူပ ပဉ္စမဈာန်မှအထက် တစ်ဆင့်တက်၍ ရအပ်သောဈာန်များ ဖြစ်သော ကြောင့် အရူပစိတ် ၁၂-ပါးလုံးသည် ရူပ ပဉ္စမဈာန်စိတ်နှင့် အလားတူသဖြင့် ဥပေက္ခာ-ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးရှိပြီး ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်။

| ✲ မဟဂ္ဂုတ်စိတ် (၂၇)ပါး = ရူပစိတ် (၁၅)ပါး + အရူပစိတ် (၁၂)ပါး |
|---|

**မဟဂ္ဂုတ်စိတ်** = (မဟာ + ဂတ)

= (၁) မြတ်သည်၏ အဖြစ်သို့ ရောက်သောစိတ် (မြင့်မြတ်သောစိတ်)

(၂) မြတ်သော ဈာန်ရပုဂ္ဂိုလ်တို့သာ ရအပ်သော စိတ်၊

| ✲ လောကီစိတ် (၈၁)ပါး = ကာမစိတ် (၅၄)ပါး + မဟဂ္ဂုတ်စိတ် (၂၇)ပါး |
|---|

**လောကီစိတ်** = (၁) ကာမ, ရူပ, အရူပဟု လောက ၃-ပါး (၃၁-ဘုံ)၌ ကျင်လည်တတ်- ဖြစ်တတ်သော စိတ်၊

(၂) လောက၌ ထင်ရှားသောစိတ်၊

www.dhammadownload.com



# (၄) လောကုတ္တရာစိတ် အကျဉ်း ၈–ပါး

| | | | |
|---|---|---|---|
| သောတာပတ္တိ မဂ်စိတ် | ၁–ပါး | သောတာပတ္တိ ဖိုလ်စိတ် | ၁–ပါး |
| သကဒါဂါမိ မဂ်စိတ် | ၁–ပါး | သကဒါဂါမိ ဖိုလ်စိတ် | ၁–ပါး |
| အနာဂါမိ မဂ်စိတ် | ၁–ပါး | အနာဂါမိ ဖိုလ်စိတ် | ၁–ပါး |
| အရဟတ္တ မဂ်စိတ် | ၁–ပါး | အရဟတ္တ ဖိုလ်စိတ် | ၁–ပါး |
| **မဂ်စိတ် (သို့) လောကုတ္တရာ ကုသိုလ်စိတ်(အကျဉ်း) =** | ၄–ပါး | **ဖိုလ်စိတ် (သို့) လောကုတ္တရာ ဝိပါက်စိတ်(အကျဉ်း) =** | ၄–ပါး |

**လောကုတ္တရာစိတ်** = (၁) လောက ၃–ပါးမှ လွတ်မြောက်သောစိတ်၊
(၂) လောက ၃–ပါးထက် သာလွန်မြင့်မြတ်သောစိတ်၊

**မဂ်** = ကိလေသာများကို ပယ်သတ်၍ နိဗ္ဗာန်သို့ အာရုံပြုသော အားဖြင့် သွားရောက်တတ်သောသဘော၊
**(မဂ်၏ အင်္ဂါအစိတ်အပိုင်းဖြစ်သော မဂ္ဂင် ၈–ပါး အပေါင်း)**

**မဂ်စိတ်** = မဂ်နှင့် ယှဉ်သောစိတ်၊

**ဖိုလ်** = (၁) ကိလေသာများ ငြိမ်းအေးစေတတ်သောသဘော၊
(၂) မဂ်၏ အကျိုးဖြစ်သောသဘော၊

**ဖိုလ်စိတ်** = ဖိုလ်နှင့် ယှဉ်သောစိတ်၊

www.dhammadownload.com



◆ မဂ် ၄-ပါး ပြားရခြင်း

ကိလေသာကို ပယ်သတ်တတ်သော မဂ်ချင်းတူသော်လည်း (အနု၊ အရင့်၊ ရင့်သည့်ထက် အရင့်၊ အရင့်ဆုံးဟူသော) ဣန္ဒြေတို့၏ ထက်-မထက်အားဖြင့် မဂ် ၄-ပါး ပြားရပါသည်။

◆ မဂ်စိတ် ၄-ပါး ပြားရခြင်း

မဂ် ၄-ပါး ပြားခြင်းကြောင့် မဂ်နှင့်ယှဉ်သော စိတ်သည်လည်း ၄-ပါး ပြားရပါသည်။

◆ ဖိုလ်စိတ် ၄-ပါး ပြားရခြင်း

မဂ်စိတ် ၄-ပါး ပြားခြင်းကြောင့် မဂ်၏ အကျိုးဖြစ်သော ဖိုလ်စိတ်သည်လည်း ၄-ပါး ပြားရပါသည်။

| | | | |
|---|---|---|---|
| ✵ လောကုတ္တရာစိတ်အကျယ် ၄၀-ပါး = | မဂ်စိတ် | + | ဖိုလ်စိတ် |
| | အကျယ်(၂၀) | | အကျယ်(၂၀) |

**မဂ်စိတ် အကျယ် (၂၀)** = မဂ်စိတ် ၁-ပါးလျှင် ဈာန်အင်္ဂါတို့ ယှဉ်ပုံအရ ဈာန် ၅-မျိုး ပြားသောကြောင့် မဂ်စိတ်အကျဉ်း ၄-ပါးကို ဈာန်အပြားအားဖြင့် မြှောက်ပွားလိုက်သော အခါ မဂ်စိတ်အကျယ်(၂၀) ဖြစ်လာသည်။

**ဖိုလ်စိတ် အကျယ်(၂၀)** = ထိုနည်းတူစွာ ဖိုလ်စိတ်အကျဉ်း ၄-ပါးသည်လည်း ဈာန်အပြား ၅-မျိုးအားလျော်စွာ ဖိုလ်စိတ်အကျယ် (၂၀) ဖြစ်ရလေသည်။

◆ လောကုတ္တရာစိတ်အကျယ် (၄၀) ဖြစ်လာပုံ

တစ်ပါး တစ်ပါးသော လောကုတ္တရာစိတ် ၈-ပါးကို ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် ၅-ပါးစီ ပြုရ မြှောက်ပွားရသောကြောင့် လောကုတ္တရာစိတ် အကျယ်(၄၀) ဖြစ်လာရပါသည်။

www.dhammadownload.com



| | | | | |
|---|---|---|---|---|
| *ဈာန်စိတ် (၆၇)ပါး | = | လောကီဈာန်စိတ် (မဟဂ္ဂုတ်စိတ်) ၂၇-ပါး | + | လောကုတ္တရာဈာန်စိတ် ၄၀-ပါး |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ပ-ဈာန်စိတ် (၁၁)ပါး | = | လောကီပဈာန်စိတ် | ၃-ပါး | + | လောကုတ္တရာ ပဈာန်စိတ် | ၈-ပါး |
| ဒု-ဈာန်စိတ် (၁၁)ပါး | = | 〃 ဒုဈာန်စိတ် | ၃-ပါး | + | 〃 ဒုဈာန်စိတ် | ၈-ပါး |
| တ-ဈာန်စိတ် (၁၁)ပါး | = | 〃 တဈာန်စိတ် | ၃-ပါး | + | 〃 တဈာန်စိတ် | ၈-ပါး |
| စ-ဈာန်စိတ် (၁၁)ပါး | = | 〃 စဈာန်စိတ် | ၃-ပါး | + | 〃 စဈာန်စိတ် | ၈-ပါး |
| ပဉ္စ-ဈာန်စိတ် (၂၃)ပါး | = | 〃 ပဉ္စဈာန်စိတ် | ၁၅-ပါး | + | 〃 ပဉ္စဈာန်စိတ် | ၈-ပါး |

♦ **စိတ်အကျယ် ၁၂၁-ပါး ဖြစ်လာပုံ**

လောကုတ္တရာစိတ်အကျဉ်း ၈-ပါးမှ အကျယ်-၄၀ ပြားသောကြောင့် စိတ်အကျဉ်း ၈၉-ပါးမှ စိတ်အကျယ် ၁၂၁-ပါး ဖြစ်လာရပါသည်။

## ဘေဒကြီး ၆-ဘေဒအားဖြင့် ဝေဖန်ခြင်း

၁။ **ဘူမိဘေဒ (ဘုံ-အပြားအားဖြင့် စိတ်တို့ကို ဝေဖန်ခြင်း)**

= ကာမာဝစရစိတ်
ရူပါဝစရစိတ်
အရူပါဝစရစိတ်
လောကုတ္တရာစိတ်

၂။ **ဇာတိဘေဒ (ပရမတ္ထတရားတို့၏ အမျိုး = ဇာတ်အပြားအားဖြင့် ...)**

= အကုသိုလ်စိတ်
ကုသိုလ်စိတ်
ဝိပါက်စိတ်
ကြိယာစိတ်

www.dhammadownload.com



၃။ ဈာနဘေဒ (ဈာန်အပြားအားဖြင့် စိတ်တို့ကို ဝေဖန်ခြင်း)

= ပထမဈာန်စိတ်
ဒုတိယဈာန်စိတ်
တတိယဈာန်စိတ်
စတုတ္ထဈာန်စိတ်
ပဉ္စမဈာန်စိတ်

၄။ သမ္ပယောဂဘေဒ (ယှဉ်-မယှဉ် အပြားအားဖြင့်...)

= သမ္ပယုတ်စိတ်
ဝိပ္ပယုတ်စိတ်
သမ္ပယုတ်-ဝိပ္ပယုတ် မဟုတ်သောစိတ်

၅။ သင်္ခါရဘေဒ (သင်္ခါရ ရှိ-မရှိ အပြားအားဖြင့်...)

= အ,သင်္ခါရိကစိတ်
သ,သင်္ခါရိကစိတ်
အ,သင်္ခါရိက - သ,သင်္ခါရိက မဟုတ်သောစိတ်

၆။ ဝေဒနာဘေဒ (ခံစားမှု ဝေဒနာအပြားအားဖြင့် စိတ်တို့ကို ဝေဖန်ခြင်း)

(က) <u>အနုဘဝနလက္ခဏာ ဘေဒနည်း = အာရုံအလိုက် ခံစားမှုအပြားအားဖြင့် ...</u>

ဣဋ္ဌာရုံနှင့်တွေ့ကြုံသောအခါ = (ချမ်းသာသောခံစားမှု) = သုခသဟဂုတ်စိတ်
အနိဋ္ဌာရုံနှင့် ။ = (ဆင်းရဲသော ။ ) = ဒုက္ခ ။
မဇ္ဈတ္တာရုံနှင့် ။ = (ဆင်းရဲသည်လည်းမဟုတ်-
ချမ်းသာသည်လည်းမဟုတ် ခံစားမှု) = အဒုက္ခ-မသုခ ။

www.dhammadownload.com



(ခ) ဣန္ဒြိယ ဘေဒနည်း = ကိုယ်, စိတ်အားဖြင့် အစိုးတရ ခွဲခြား၍ ခံစားမှု ...

ချမ်းသာသော ခံစားမှု = ကိုယ်ချမ်းသာ ခံစားမှု = သုခသဟဂုတ်စိတ်
စိတ် ။ ။ = သောမနဿသဟဂုတ်စိတ်
ဆင်းရဲသော ။ = ကိုယ်ဆင်းရဲသော ။ = ဒုက္ခသဟဂုတ်စိတ်
စိတ် ။ ။ = ဒေါမနဿသဟဂုတ်စိတ်
ဆင်းရဲ × ချမ်းသာ × = စိတ်အသင့်အတင့် ။ = ဥပေက္ခာသဟဂုတ်စိတ်

မှတ်ချက်။ ။ သို့ဖြစ်၍ ...

| အနုဘဝန လက္ခဏာ ဘေဒနည်း | ဣန္ဒြိယ ဘေဒနည်း |
|---|---|
| သုခသဟဂုတ်စိတ်<br>ချမ်းသာသောခံစားမှုနှင့် တကွဖြစ်သောစိတ် | (သုခ + သောမနဿ) သဟဂုတ်စိတ်<br>ကိုယ် စိတ် |
| ဒုက္ခသဟဂုတ်စိတ်<br>ဆင်းရဲသောခံစားမှုနှင့် တကွဖြစ်သောစိတ် | (ဒုက္ခ + ဒေါမနဿ) သဟဂုတ်စိတ်<br>ကိုယ် စိတ် |
| အဒုက္ခ – မသုခ သဟဂုတ်စိတ်<br>ဆင်းရဲ × ချမ်းသာခံစားမှုနှင့် တကွဖြစ်သောစိတ် | (ဥပေက္ခာ) သဟဂုတ်စိတ်<br>စိတ် |

## စိတ်ပိုင်းနိဂုံး

စိတ်သည် အာရုံကို သိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းသာ ရှိသော်လည်း ထိုတစ်ပါးတည်းသောစိတ်ကို...

(၁) ဘုံ–အပြားအားဖြင့်လည်းကောင်း၊
(၂) ဇာတ် ။ ။
(၃) ဈာန် ။ ။
(၄) သမ္ပယောဂ ။ ။
(၅) သင်္ခါရ ။ ။
(၆) ဝေဒနာအပြားအားဖြင့်လည်းကောင်း ဝေဖန်သောကြောင့် စိတ်အကျဉ်း ၈၉–ပါး၊ စိတ်အကျယ် ၁၂၁–ပါး ဖြစ်လာရသည်။

နိဂုံးပိုင်းပြီး၏။

www.dhammadownload.com

# ၂။ စေတသိက်ပိုင်း

**စေတသိက်** = (၁) စိတ်နှင့်အတူ ဖြစ်တတ် – ချုပ်တတ်သောသဘော၊

(၂) စိတ်၌မှီ၍ စိတ်ကို ခြယ်လှယ်တတ်သောသဘော၊

(၃) ဧကုပ္ပါဒ–စသော လက္ခဏာ ၄–ပါးနှင့် ပြည့်စုံ၍ စိတ်နှင့် ယှဉ်လျက် ဖြစ်ကြသော ၅၂–ပါးသော သဘောတရားတို့သည် စေတသိက်–မည်၏။

**စေတောယုတ္တလက္ခဏာ ၄–ပါး** ( **စိတ်၌ယှဉ်ခြင်း အမှတ်အသားလက္ခဏာ၊ စေတသိက်လက္ခဏာ၊ သမ္ပယောဂလက္ခဏာ** )

(၁) **ဧကုပ္ပါဒ** = စိတ်နှင့် အတူဖြစ်ခြင်း၊

(၂) **ဧကနိရောဓ** = စိတ်နှင့် အတူချုပ်ခြင်း၊

(၃) **ဧကာလမ္ဗဏ** = စိတ်နှင့် အာရုံတူခြင်း၊

(၄) **ဧကဝတ္ထုက** = စိတ်နှင့် မှီရာတူခြင်း၊

[ ဆောင်။ ။ ဖြစ်တူ ၊ ချုပ်တူ ၊ အာရုံတူ ၊ မှီရာတူ (တူ ၄–တူ)။ ]

**<u>စေတသိက် ၅၂–ပါး</u>**

(၁) **အညသမာန်း စေတသိက်** = ၁၃–ပါး

(၂) **အကုသိုလ် စေတသိက်** = ၁၄–ပါး

(၃) **သောဘန စေတသိက်** = ၂၅–ပါး

[ ဆောင်။ ။ စိတ်၌မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ်နှင့် ဒွိတ်၊ စေတသိက်။ ]

( ∴ အမှီခံနာမ် = **စိတ်** ။ အမှီနာမ် ၊ မှီတတ်နာမ် = **စေတသိက်** )

www.dhammadownload.com



## (၁) အညသမာန်းစေတသိက် ၁၃– ပါး

(က) သဗ္ဗစိတ္တ သာဓာရဏ စေတသိက် = ၇–ပါး
(ခ) ပကိဏ်း စေတသိက် = ၆–ပါး

**အညသမာန်း** = (အည + သမာန)

= **အည**– တစ်ပါးသောတရားတို့နှင့်၊ **သမာန**– သဘောတူသော စေတသိက်။

= သောဘနစိတ်တို့၌လည်းကောင်း၊ အသောဘနစိတ်တို့၌လည်းကောင်း နှစ်မျိုးလုံး၌ ယှဉ်နိုင်သောကြောင့် အညသမာန်း–မည်၏။

[ ဆောင်။ ။ ကောင်းဆိုးနှစ်တန် ၊ ခပ်တိုင်းငန် ၊ သမာန်အည ၊ တေရသ။ ]

### (က) သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ၇-ပါး

အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော စေတသိက်များ ဖြစ်သောကြောင့် သဗ္ဗစိတ္တ သာဓာရဏ စေတသိက်–မည်၏။ (စိတ်အားလုံးနှင့် ယှဉ်နိုင်၊ စိတ်ဖြစ်တိုင်း ပါဝင်ကြရသော စေတသိက်များ ဖြစ်၏။)

(၁) **ဖဿ** = အာရုံကို တွေ့ထိခြင်းသဘော၊
(၂) **ဝေဒနာ** = အာရုံ၏ အရသာကို ခံစားခြင်းသဘော၊
(၃) **သညာ** = အာရုံကို မှတ်သားခြင်းသဘော၊
(၄) **စေတနာ** = အာရုံ၌ ဖြစ်ဖော် ဖြစ်ဖက်တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ရန် တိုက်တွန်း နှိုးဆော်ခြင်း သဘော၊
(၅) **ဧကဂ္ဂတာ** = အာရုံတစ်ပါးတည်း၌ တည်တံ့ခြင်း၊ တည်ကြည်ခြင်း သဘော၊

www.dhammadownload.com



(၆) ဇီဝိတိန္ဒြေ = မိမိနှင့်ယှဉ်ဖက်နာမ်တရားတို့ကို စောင့်ရှောက်ခြင်း သဘော၊ (နာမ်တရားတို့၏ အသက်)

(၇) မနသိကာရ = (စိတ်ကို အာရုံသို့ ရောက်၍ ရောက်၍ နေအောင်) စိတ်ထဲ၌ အာရုံပေါ်လာအောင် နှလုံးသွင်း ပြုပေး ခြင်းသဘော၊

[ဆောင်။ ။ (၁) တွေ့ထိ၊ ခံစား၊ မှတ်သားလေ့ခေါ်၊ စေ့ဆော်၊ တည်ကြည်၊ နာမ်သက် မည်လျှင်း– စောင့်ထိန်းခြင်းမှု၊ အာရုံပြု၊ မှတ်မှု သဗ္ဗစိတ်။

(၂) ဖဿ, ဝေ, သညာ, စေ၊ ဧ, ဇီ, မန၊ ဤသတ္တ၊ သဗ္ဗစိတ်တိုင်းဖြစ်။]

## (ခ) ပကိဏ်း စေတသိက် ၆-ပါး

စိတ်အားလုံးနှင့် မယှဉ်နိုင်ဘဲ အချို့သောစိတ်တို့၌သာ ဟိုတချို့ သည်တချို့ ရောရောပြွမ်းပြွမ်း ယှဉ်တတ်သော စေတသိက်များဖြစ်၍ ပကိဏ်းစေတသိက် မည်၏။

(၁) ဝိတက် = အာရုံသို့ ယှဉ်ဖက်တရားတို့ကို တင်ပေးခြင်း၊ (ကြံစည်ခြင်း)သဘော၊

(၂) ဝိစာရ = အာရုံကို သုံးသပ်ခြင်း(ထပ်၍ ထပ်၍ ယူခြင်း)သဘော၊

(၃) အဓိမောက္ခ = အာရုံကို ဆုံးဖြတ်ချက်ချခြင်းသဘော၊

(၄) ဝီရိယ = ယှဉ်ဖက်တရားတို့ကို ထောက်ပံ့နိုင်စေခြင်း၊ (အားထုတ်ခြင်း)သဘော၊

(၅) ပီတိ = အာရုံကို နှစ်သက်ခြင်းသဘော၊

(၆) ဆန္ဒ = အာရုံကို လိုလားခြင်းသဘော၊

[ဆောင်။ ။ (၁) ကြံစည် , သုံးသပ်။ ဆုံးဖြတ်, အားထုတ်။ နှစ်သက် , တောင့်တ။ ဤခြောက်ဝ၊ မှတ်ကြ ပကိဏ်းတည်း။

(၂) တက်, စာ, ဓိ, ပိ ; ဆန်, အဓိ ၊ ပြွမ်းဘိ ပကိဏ်းခြောက်။ ]

www.dhammadownload.com



## (၂) အကုသိုလ်စေတသိက် ၁၄-ပါး

စိတ်ကို မကောင်းအောင်, အပြစ်ရှိအောင် ခြယ်လှယ်သည့် စေတသိက်တို့သည် အကုသိုလ် စေတသိက်-မည်၏။

(မဖြစ်ပွားစေရန် ပယ်သတ်ကြရမည့် စေတသိက်များဖြစ်သည်။)

(၁) မောဟ = အာရုံ၏ သဘောအမှန်ကို ဖုံးကွယ်ခြင်းသဘော၊

(၂) အဟိရိက = မကောင်းမှု ဒုစရိုက်မှ မရှက်ခြင်းသဘော၊

(၃) အနောတ္တပ္ပ = မကောင်းမှု ဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော၊

(၄) ဥဒ္ဓစ္စ = စိတ်မငြိမ်မသက် ပျံ့လွင့်ခြင်းသဘော၊

(၅) လောဘ = လောကီအာရုံ ကာမဂုဏ်တို့၌ လိုချင်, ငြိကပ်, တပ်မက်ခြင်းသဘော၊

(၆) ဒိဋ္ဌိ = မှားမှားယွင်းယွင်း သိမြင်ခြင်း (အယူမှားခြင်း)သဘော၊

(၇) မာန = ထောင်လွှား တက်ကြွခြင်းသဘော၊

(၈) ဒေါသ = ခက်ထန် ကြမ်းတမ်းခြင်းသဘော၊

(၉) ဣဿာ = သူတစ်ပါးတို့၏ စည်းစိမ်ဥစ္စာ, ဂုဏ်သိန်, ချမ်းသာ, ပညာတို့အပေါ် ငြူစူ စောင်းမြောင်း မနာလိုခြင်းသဘော၊

(နှုတ်ခမ်းစူ၍,မျက်စောင်းထိုး၍ ပြောဆို ကြည့်ရှုကြောင်းတရား)

(၁၀) မစ္ဆရိယ = မိမိ၏ စည်းစိမ်ဥစ္စာ, ဂုဏ်သိန် ချမ်းသာ, ပညာတို့ကို ဝန်တိုခြင်းသဘော၊

(သူတစ်ပါးတို့နှင့် မဆက်ဆံစေလိုခြင်း၊ နှမြောခြင်းသဘော)

(၁၁) ကုက္ကုစ္စ = ပြုပြီး ဒုစရိုက်- မပြုလုပ်ရသေးသော သုစရိုက်များအပေါ် နောင်တတစ်ဖန် ပူပန်ခြင်းသဘော၊

(၁၂) ထိန = စိတ်တို့၏ ထိုင်းခြင်းသဘော၊

(စိတ်မလန်းဘဲ ခပ်ထိုင်းထိုင်း ဖြစ်နေခြင်းသဘော)

www.dhammadownload.com



(၁၃) မိဒ္ဓ = စေတသိက်တို့၏ မှိုင်းမြင်းသဘော၊
(ယှဉ်ဖက် စေတသိက်များ မလန်းဘဲ မှိုင်းတိုင်းတိုင်း ဖြစ်နေခြင်းသဘော)
[အိပ်ချင်မူးတူး ဖြစ်နေသည့်အခါ ၌ ထိန–မိဒ္ဓ စေတသိက် ၂–ပါး ထင်ရှား၏။]

(၁၄) ဝိစိကိစ္ဆာ = ရတနာသုံးပါး၊ ကံ–ကံ၏ အကျိုးတို့၌ ယုံမှား သံသယ ဖြစ်ခြင်းသဘော၊

[ဆောင်။ ။ အမှန်ကွယ်ဝှက်၊ ဒုစရိုက်ကြောင့်– မရက်၊ မလန်၊ ပျံ့လွင့်သဘော၊ လိုချင်သောအား၊ အယူမှားလျက်၊ ထောင်လွှားတက်၍၊ ခက်ခက်ထန်ထန်၊ ငြူစူဟန်ဟု၊ နှမြောမှုဆို– ဝန်တိုလေရ၊ နောင်တပူပင်၊ ထိုင်း– မှိုင်းအင်နှင့်၊ ထို့ပြင် ယုံမှား၊ ၁၄–ပါးသည်၊ မှတ်သား– အကုသိုလ် ချည်းတည်း။]

သဗ္ဗာကုသလ သာဓာရဏ = (သဗ္ဗ + အကုသလ + သာဓာရဏ)
= အလုံးစုံသော အကုသိုလ်စိတ်တို့၌ ယှဉ်သောကြောင့် မောဟခေါင်းဆောင်သော စေတသိက်(မောစတုက် စေတသိက်) ၄–ပါးသည် သဗ္ဗာကုသလ သာဓာရဏ စေတသိက်–မည်၏။

ပပဉ္စတရား = လောဘ, ဒိဋ္ဌိ, မာန–ဟူသော တရား ၃–ပါးတို့သည် သံသရာကို ချဲ့တတ်သောကြောင့် ပပဉ္စတရား မည်၏။

## ♦ လောဘ နှင့် ဆန္ဒ (အထူး)

အစေးဖြင့် ကပ်သကဲ့သို့ အာရုံ၌ ငြိကပ် တွယ်တာခြင်းသဘောပါသော လိုချင်မှုသည် လောဘ–မည်၏။

ငြိကပ်တွယ်တာခြင်း မရှိဘဲ အာရုံတစ်ခုကို ရလိုမှုသည် ဆန္ဒ–မည်၏။

www.dhammadownload.com



## (၃) သောဘနစေတသိက် ၂၅-ပါး

အပြစ်မရှိ, တင့်တယ်သောကြောင့်လည်းကောင်း၊ တင့်တယ် ကောင်းမွန်သော သောဘနစိတ်တို့၌သာ ထိုက်သင့်သလို ယှဉ်ကြသောကြောင့်လည်းကောင်း သောဘနစေတသိက်-မည်၏ ။

### (က) သောဘန သာဓာရဏ စေတသိက် ၁၉-ပါး

အလုံးစုံသော သောဘနစိတ် (၅၉-ပါး/၉၁-ပါး)၌ ယှဉ်နိုင်, ဆက်ဆံနိုင်သောကြောင့် သောဘနသာဓာရဏ စေတသိက်-မည်၏ ။

(၁) သဒ္ဓါ = ရတနာသုံးပါး၊ ကံ,ကံ၏အကျိုး စသည်ကို ကြည်ညို လေးမြတ်-ယုံကြည်တတ်သော သဘော၊

(၂) သတိ = ဘုရား, တရား စသော ကုသိုလ်ကောင်းမှုအာရုံကို အောက်မေ့-အမှတ်ရခြင်း (မမေ့ မလျော့ခြင်း)သဘော၊

(၃) ဟိရီ = မကောင်းမှု ဒုစရိုက်များ ပြုလုပ်ရမည်ကို ရှက်ခြင်း သဘော၊

(၄) ဩတ္တပ္ပ = မကောင်းမှု ဒုစရိုက်များ ပြုလုပ်ရမည်ကို ကြောက်လန့်ခြင်းသဘော၊

(၅) အလောဘ = လောကီအာရုံ ကာမဂုဏ်များကို မလိုချင်, မစုံမက်, စွန့်လွှတ်နိုင်ခြင်းသဘော၊ (သုတ္တန်နည်းအရ- ဒါနအမည်ရသော စေတသိက်)

(၆) အဒေါသ = ဆန့်ကျင်ဘက် အာရုံများနှင့် တွေ့ကြုံသော်လည်း ခက်ထန် – မကြမ်းတမ်းခြင်းသဘော။ (မေတ္တာ–ခန္တီ အမည်ရသော စေတသိက်)

(၇) တတြမဇ္ဈတ္တတာ = စိတ်–စေတသိက်တို့ကို မိမိတို့ကိစ္စနှင့် အပို အလွန် မရှိစေရအောင် အလယ်အလတ် တည့်မတ်တတ်– လျစ်လျူရှုတတ်သော သဘော၊ (ဥပေက္ခာဗြဟ္မဝိဟာရ– ဥပေက္ခာပါရမီအမည်လည်း ရနိုင်သေး၏။)

www.dhammadownload.com



(၈) ကာယပဿဒ္ဓိ = စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘော၊

(၉) စိတ္တပဿဒ္ဓိ = စိတ်၏ ငြိမ်းအေးခြင်းသဘော၊

(၁၀) ကာယလဟုတာ = စေတသိက်အပေါင်း၏ လျှင်မြန် ပေါ့ပါးခြင်း သဘော၊

(၁၁) စိတ္တလဟုတာ = စိတ်၏ လျှင်မြန်ပေါ့ပါးခြင်းသဘော၊

(၁၂) ကာယမုဒုတာ = စေတသိက်အပေါင်း၏ နူးညံ့ခြင်းသဘော၊

(၁၃) စိတ္တမုဒုတာ = စိတ်၏ နူးညံ့ခြင်းသဘော၊

(၁၄) ကာယကမ္မညတာ = စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု လုပ်ငန်းများ၌ ခံ့ညားခြင်းသဘော၊

(၁၅) စိတ္တကမ္မညတာ = စိတ်၏ ကုသိုလ်ကောင်းမှု လုပ်ငန်းများ၌ ခံ့ညားခြင်းသဘော၊

(၁၆) ကာယပါဂုညတာ = စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု လုပ်ငန်း၌ လေ့လာနိုင်နင်းခြင်းသဘော၊

(၁၇) စိတ္တပါဂုညတာ = စိတ်၏ ကုသိုလ်ကောင်းမှု လုပ်ငန်း၌ လေ့လာနိုင်နင်းခြင်းသဘော၊

(၁၈) ကာယုဇုကတာ = စေတသိက်အပေါင်း၏ ဖြောင့်မတ်ခြင်းသဘော၊

(၁၉) စိတ္တုဇုကတာ = စိတ်၏ ဖြောင့်မတ်ခြင်းသဘော၊

(မှတ်ချက် ။ ။ ကာယ = စေတသိက် ၊ စိတ္တ = စိတ်-ဟု မှတ်သားပါ။)

[ ဆောင် ။ ။ ဘုရား စ,တုံ၊ ကောင်းအာရုံဝယ်၊ ကြည်ယုံကျေနပ်၊ အမှတ်ရလျက်၊ ဒုစရိုက်မှ ရှက်-ကြောက်စွတည်း၊ ကာမအာရုံ- မစုံမမက်၊ မခက်ထန်မှု၊ လျစ်လျူရှု၏၊ (နှစ်ခုစိတ်,စေ၊ ရောစပ်ထွေးလော) ငြိမ်းအေး၊ လျှင်မြန်၊ ကုသိုလ်ကံဟု-ကောင်းသည့်မှုဝယ်- နူးညံ့၊ ခံ့ညား၊ လေ့လာများနှင့်၊ ဖြောင့်သားလေစွ ဆယ့်ကိုးဝသည်၊ သောဘန သာဓာရဏတည်း။ ]

www.dhammadownload.com



## (ခ) ဝိရတီစေတသိက် ၃–ပါး

မကောင်းမှု ဒုစရိုက်–ဒုရာဇီဝများမှ ရှောင်ကြဉ်ခြင်းသဘောကို ဝိရတီ–ဟုခေါ်၏။ (သီလအမည် ရ၏။)

၁။ သမ္မာဝါစာ = အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော ... ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

၂။ သမ္မာကမ္မန္တ = အသက်မွေးဝမ်းကျောင်းနှင့် မစပ်ဆိုင်သော... ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခြင်းသဘော၊

၃။ သမ္မာအာဇီဝ = အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်သည့်တိုင် ကာယဒုစရိုက် ၃–ပါး၊ ဝစီ ဒုစရိုက် ၄–ပါးတို့မှ ရှောင်ကြဉ်ခြင်းသဘော၊

## (ဂ) အပ္ပမညာစေတသိက် ၂–ပါး

ဤရွေ့ဤမျှဟု အတိုင်းအရှည် ပမာဏမထားဘဲ သတ္တဝါပညတ်၌ အာရုံပြုသောတရားကို အပ္ပမညာ–ဟု ခေါ်၏။

(ပုဂ္ဂိုလ်သတ္တဝါဟူသည် ပရမတ်တရား မဟုတ်၊ ပညတ်တရားတည်း။ ထို့ကြောင့် သတ္တဝါပညတ်–ဟု ခေါ်သည်။)

၁။ ကရုဏာ = ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနား ကြင်နာခြင်းသဘော၊

၂။ မုဒိတာ = သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော၊

## (ဃ) ပညာစေတသိက် ၁–ပါး

ပညာ = အာရုံ၏ သဘောမှန်ကို ထိုးထွင်း၍ သိခြင်း၊ အမှားအမှန်ကို ခွဲခြားချင့်ချိန် သိမြင်နိုင်ခြင်းသဘော၊

(သိမှုကိစ္စ၌ အစိုးတရ ဖြစ်သောကြောင့် ပညိန္ဒြေဟုလည်း ခေါ်ကြ၏)

[ပညာ၏ အမည်ထူးများ = ဉာဏ်၊ အမောဟ၊ ဝိဇ္ဇာ၊ သမ္မာဒိဋ္ဌိ၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယ၊ ဝိမံသ]

စေတသိက် ၅၂–ပါး(အစီအစဉ်) ပြီး၏။

www.dhammadownload.com



## သမ္ပယောဂနည်း

စေတသိက်ကို မူတည်ထား၍ စိတ်ပေါင်း မည်မျှနှင့် ယှဉ်နိုင်သည်ကို ပြဆိုသောနည်းသည် သမ္ပယောဂနည်း–မည်၏။ (အကျဉ်းအားဖြင့် ၄–နည်း။ အကျယ်အားဖြင့် ၁၆–နည်းရှိ၏။)

### သမ္ပယောဂနည်း အကျဉ်းအားဖြင့် ၄–နည်း။ အကျယ်အားဖြင့် ၁၆–နည်း

| | | | |
|---|---|---|---|
| ၁။ သဗ္ဗစိတ္တ သာဓာရဏစေတသိက် သမ္ပယောဂနည်း | | = | ၁–နည်း |
| ၂။ ပကိဏ်းစေတသိက် | ။ | = | ၆–နည်း |
| ၃။ အကုသိုလ်စေတသိက် | ။ | = | ၅–နည်း |
| ၄။ သောဘနစေတသိက် | ။ | = | ၄–နည်း |

### ၁။ သဗ္ဗစိတ္တ သာဓာရဏစေတသိက်၊ သမ္ပယောဂနည်း ၁-နည်း

သဗ္ဗစိတ္တ သာဓာရဏစေတသိက် ၇–ပါးသည် အလုံးစုံသော စိတ် (၈၉/၁၂၁)ပါးလုံးနှင့် ယှဉ်၏။ မယှဉ်နိုင်သော စိတ်ဟူ၍ မရှိပါ။

(ဖဿ စသော စေတသိက်တစ်ပါးချင်းသည်လည်း ထိုနည်းအတိုင်းပင်)။

### ၂။ ပကိဏ်းစေတသိက် ၆-ပါး၊ သမ္ပယောဂနည်း ၆-နည်း

ပကိဏ်းစေတသိက်တို့သည် အလုံးစုံသော သောဘန–အသောဘနစိတ်တို့၌ ဟိုတချို့–သည်တချို့ ရောရောပြွမ်းပြွမ်း ယှဉ်ကြ၏ ။

| အမည် | ယှဉ်သောစိတ် | | မယှဉ်သောစိတ် | |
|---|---|---|---|---|
| ဝိတက် | ဒွေပဉ္စဝိညာဏ်ကြဉ် ... | | | |
| | ကာမစိတ် | ၄၄ | ဒွေပဉ္စဝိညာဏ် | ၁၀ |
| | ပထမဈာန်စိတ် | ၁၁ | ဒုတိယဈာန်စိတ် | ၁၁ |
| | | | တတိယဈာန်စိတ် | ၁၁ |
| | | | စတုတ္ထဈာန်စိတ် | ၁၁ |
| | | | ပဉ္စမဈာန်စိတ် | ၂၃ |
| | | ၅၅ | | ၆၆ |

www.dhammadownload.com



| အမည် | ယှဉ်သောစိတ် | | မယှဉ်သောစိတ် | |
|---|---|---|---|---|
| ဝိစာရ | ဒွေပဉ္စဝိညာဏ်ကြဉ်.. | | | |
| | ကာမစိတ် | ၄၄ | ဒွေပဉ္စဝိညာဏ် | ၁၀ |
| | ပဌမဈာန်စိတ် | ၁၁ | တတိယဈာန်စိတ် | ၁၁ |
| | ဒုတိယဈာန်စိတ် | ၁၁ | စတုတ္ထဈာန်စိတ် | ၁၁ |
| | | | ပဉ္စမဈာန်စိတ် | ၂၃ |
| | | ၆၆ | | ၅၅ |
| အဓိမောက္ခ | (ဝိစိသံ-၁+ဒွေ ၁၀ ကြဉ်) | | | |
| | ကာမစိတ် | ၄၃ | ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | ၁ |
| | မဟဂ္ဂုတ်စိတ် | ၂၇ | ဒွေပဉ္စဝိညာဏ် | ၁၀ |
| | လောကုတ္တရာစိတ် | ၈ | | |
| | | ၇၈ | | ၁၁ |
| ဝီရိယ | အကုသိုလ်စိတ် | ၁၂ | ဒွေပဉ္စဝိညာဏ် | ၁၀ |
| | မနောဒွါရာဝဇ္ဇန်း+ဟသိ | ၂ | သမ္ပဋိစ္ဆိုင်း | ၂ |
| | ကာမသောဘနစိတ် | ၂၄ | သန္တီရဏ | ၃ |
| | မဟဂ္ဂုတ်စိတ် | ၂၇ | ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| | လောကုတ္တရာစိတ် | ၈ | | |
| | | ၇၃ | | ၁၆ |
| ပီတိ | ကာမ(သော)သဟဂုတ်စိတ် | ၁၈ | သုခသဟဂုတ်စိတ် | ၁ |
| | ပဈာန်(သော)သဟဂုတ်စိတ် | ၁၁ | ဒုက္ခသဟဂုတ်စိတ် | ၁ |
| | ဒုဈာန်(သော)သဟဂုတ်စိတ် | ၁၁ | စ,ဈာန်(သော)သဟဂုတ်စိတ် | ၁၁ |
| | တဈာန်(သော)သဟဂုတ်စိတ် | ၁၁ | ဒေါမနဿသဟဂုတ်စိတ် | ၂ |
| | | | ဥပေက္ခာသဟဂုတ်စိတ် | ၅၅ |
| | | ၅၁ | | ၇၀ |
| ဆန္ဒ | လောဘမူစိတ် | ၈ | မောဟမူစိတ် | ၂ |
| | ဒေါသမူစိတ် | ၂ | အဟိတ်စိတ် | ၁၈ |
| | ကာမသောဘနစိတ် | ၂၄ | | |
| | မဟဂ္ဂုတ်စိတ် | ၂၇ | | |
| | လောကုတ္တရာစိတ် | ၈ | | |
| | | ၆၉ | | ၂၀ |

www.dhammadownload.com



## ၃။ အကုသိုလ်စေတသိက် ၁၄-ပါး၊ သမ္ပယောဂနည်း (၅)နည်း

အကုသိုလ်စေတသိက်တို့သည် အကုသိုလ်စိတ် ၁၂-ပါးတို့၌သာ ထိုက်သင့်သလို ယှဉ်ကြ၏။

### (၁) မောစတုက်စေတသိက် ၄-ပါး၊ သမ္ပယောဂနည်း ၁-နည်း

မောစတုက်စေတသိက် ၄-ပါးသည် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ယှဉ်ကြ၏။ မယှဉ်နိုင်သော အကုသိုလ်စိတ် မရှိ၊ အလုံးစုံသော အကုသိုလ်စိတ်တို့နှင့် ဆက်ဆံနိုင်, ယှဉ်နိုင်သောကြောင့် သဗ္ဗာကုသလ သာဓာရဏ စေတသိက်-ဟု ခေါ်ကြ၏။

### (၂) လောဘတြိစေတသိက် ၃-ပါး၊ သမ္ပယောဂနည်း ၁-နည်း

| အမည် | ယှဉ်သော အကုသိုလ်စိတ် | | မယှဉ်သော အကုသိုလ်စိတ် | |
|---|---|---|---|---|
| လောဘ | လောဘမူစိတ် | ၈ | ဒေါသမူစိတ်<br>မောဟမူစိတ် | ၂<br>၂ |
| | | ၈ | | ၄ |
| ဒိဋ္ဌိ | လောဘမူ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် | ၄ | လောဘမူ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ်<br>ဒေါသမူစိတ်<br>မောဟမူစိတ် | ၄<br>၂<br>၂ |
| | | ၄ | | ၈ |
| *မာန | လောဘမူ ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် | ၄ | လောဘမူ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်<br>ဒေါသမူစိတ်<br>မောဟမူစိတ် | ၄<br>၂<br>၂ |
| | | ၄ | | ၈ |

[ * အနိယတယောဂီ စေတသိက် = ရံခါ / တစ်ပါးတည်း၊
ထောင်လွှား တက်ကြွနိုက်၌သာ ယှဉ်၏။]

www.dhammadownload.com



## (၃) ဒေါသစတုက်စေတသိက် ၄–ပါး၊ သမ္ပယောဂနည်း ၁–နည်း

| အမည် | ယှဉ်သော အကုသိုလ်စိတ် | | မယှဉ်သော အကုသိုလ်စိတ် | |
|---|---|---|---|---|
| ဒေါသ | ဒေါသမူစိတ် | ၂ | လောဘမူစိတ် | ၈ |
| * ဣဿာ | | | မောဟမူစိတ် | ၂ |
| * မစ္ဆရိယ | | | | |
| * ကုက္ကုစ္စ | | ၂ | | ၁၀ |

[ * အနိယတယောဂီစေတသိက် = ရံခါ / အသီးသီး။

ဣဿာ = မနာလိုခိုက်၊ မစ္ဆရိယ = ဝန်တိုနှမြောခိုက်၊ ကုက္ကုစ္စ = နောင်တ,တစ်ဖန်ပူပန်ခိုက်–၌သာ ယှဉ်။]

## (၄) ထိန–မိဒ္ဓစေတသိက် ၂–ပါး၊ သမ္ပယောဂနည်း ၁–နည်း

| အမည် | ယှဉ်သော အကုသိုလ်စိတ် | | မယှဉ်သော အကုသိုလ်စိတ် | |
|---|---|---|---|---|
| *ထိန–မိဒ္ဓ | လောဘမူ–သသင်္ခါရိကစိတ် | ၄ | လောဘမူ–အသင်္ခါရိကစိတ် | ၄ |
| | ဒေါသမူ –သသင်္ခါရိကစိတ် | ၁ | ဒေါသမူ –အသင်္ခါရိကစိတ် | ၁ |
| | | | မောဟမူ –သင်္ခါရဝိမုတ်စိတ် | ၂ |
| | | ၅ | | ၇ |

[* အနိယတယောဂီ စေတသိက် = ရံခါ / အတူတကွ။

ထိုင်းမှိုင်း လေးလံခိုက်၌သာ ယှဉ်။]

## (၅) ဝိစိကိစ္ဆာစေတသိက် ၁–ပါး၊ သမ္ပယောဂနည်း ၁–နည်း

| အမည် | ယှဉ်သော အကုသိုလ်စိတ် | | မယှဉ်သော အကုသိုလ်စိတ် | |
|---|---|---|---|---|
| ဝိစိကိစ္ဆာ | ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် | ၁ | လောဘမူစိတ် | ၈ |
| | | | ဒေါသမူစိတ် | ၂ |
| | | | ဥဒ္ဓစ္စ သမ္ပယုတ်စိတ် | ၁ |
| | | ၁ | | ၁၁ |

www.dhammadownload.com



## ၄။ သောဘနစေတသိက် ၂၅-ပါး၊ သမ္ပယောဂနည်း ၄-နည်း

သောဘနစေတသိက်တို့သည် သောဘနစိတ် ( ၅၉ / ၉၁ ) ပါးတို့၌သာ ထိုက်သင့်သလို ယှဉ်ကြပါသည်။

### (၁) သောဘန သာဓာရဏစေတသိက် ၁၉–ပါး၊ သမ္ပယောဂနည်း ၁–နည်း

သောဘန သာဓာရဏစေတသိက် ၁၉–ပါးသည် သောဘနစိတ် (၅၉/၉၁) ပါးလုံး၌ ယှဉ်၏။ မယှဉ်နိုင်သော သောဘနစိတ်ဟူ၍ မရှိပါ၊ (သဒ္ဓါ စသော စေတသိက် တစ်ပါးချင်းသည်လည်း ထိုနည်းအတိုင်းပင်။)

### (၂) ဝိရတီစေတသိက် ၃–ပါး၊ သမ္ပယောဂနည်း ၁–နည်း

| အမည် | ယှဉ်သော သောဘနစိတ် | | မယှဉ်သော သောဘနစိတ် | |
|---|---|---|---|---|
| * သမ္မာဝါစာ | – မဟာကုသိုလ်စိတ် (ရုံခါ/အသီးသီး) | ၈ | မဟာဝိပါက်စိတ် | ၈ |
| | | | မဟာကြိယာစိတ် | ၈ |
| * သမ္မာကမ္မန္တ | * ဒုစရိုက်–ဒုရာဇီဝမှ ရှောင်ကြဉ်ခိုက်။ | | မဟဂ္ဂုတ်စိတ် | ၂၇ |
| * သမ္မာအာဇီဝ | – လောကုတ္တရာစိတ် (အမြဲ/တပေါင်းတည်း) | ၈ | | |
| | | ၁၆ | | ၄၃ |

[ * မဟာကုသိုလ်စိတ် ၈–ပါးနှင့် ယှဉ်ခိုက် . . .

အနိယတယောဂီစေတသိက် = ရံခါ / အသီးသီး

(ဒုစရိုက်–ဒုရာဇီဝများကို ရှောင်ကြဉ်ခိုက်၌သာ– ယှဉ်။)

လောကုတ္တရာစိတ် ၈–ပါးနှင့် ယှဉ်ခိုက်. .

နိယတယောဂီစေတသိက် = အမြဲ / တပေါင်းတည်း

ထို့ကြောင့် "နိယတ–အနိယတ" အမည် ၂–မျိုးရသော စေတသိက် ဖြစ်သည်။]

www.dhammadownload.com



## (၃) အပ္ပမညာစေတသိက် ၂–ပါး၊ သမ္ပယောဂနည်း ၁–နည်း

| အမည် | ယှဉ်သော သောဘနစိတ် | | မယှဉ်သော သောဘနစိတ် | |
|---|---|---|---|---|
| * ကရုဏာ | မဟာကုသိုလ်စိတ် | ၈ | မဟာဝိပါက်စိတ် | ၈ |
| * မုဒိတာ | မဟာကြိယာစိတ် | ၈ | မဟဂ္ဂုတ် ပဥ္စ–ဈာန်စိတ် | ၁၅ |
| | မဟဂ္ဂုတ် ပ–ဈာန်စိတ် | ၃ | လောကုတ္တရာစိတ် | ၈ |
| | 〃 ဒု–ဈာန်စိတ် | ၃ | | |
| | 〃 တ–ဈာန်စိတ် | ၃ | | |
| | 〃 စ–ဈာန်စိတ် | ၃ | | |
| | | ၂၈ | | ၃၁ |

[ * အနိယတယောဂီစေတသိက် = ရံခါ / အသီးသီး

= ဒုက္ခိတသတ္တဝါပုဒ်ကို အာရုံပြု၍ သနားကြင်နာခိုက် (ကရုဏာ)

= သုခိတ 〃 〃 〃 ဝမ်းမြောက်ခိုက် (မုဒိတာ)ယှဉ်။ ]

## (၄) ပညာစေတသိက် ၁–ပါး၊ သမ္ပယောဂနည်း ၁–နည်း

| အမည် | ယှဉ်သော သောဘနစိတ် | | မယှဉ်သော သောဘနစိတ် | |
|---|---|---|---|---|
| ပညာ (အမောဟ) | မဟာကု–ဉာဏသမ္ပယုတ် | ၄ | မဟာကု–ဉာဏဝိပ္ပယုတ် | ၄ |
| | မဟာဝိ– 〃 | ၄ | မဟာဝိ– 〃 | ၄ |
| | မဟာကြိ– 〃 | ၄ | မဟာကြိ 〃 | ၄ |
| | မဟဂ္ဂုတ်စိတ် | ၂၇ | | |
| | လောကုတ္တရာစိတ် | ၈ | | |
| | | ၄၇ | | ၁၂ |

♦ **အနိယတယောဂီ စေတသိက် ၁၁-ပါး**

မိမိတို့ ယှဉ်သောစိတ်တို့နှင့် အမြဲမယှဉ်ဘဲ ရံခါသာယှဉ်သော စေတသိက်တို့သည် အနိယတယောဂီစေတသိက် မည်၏။ ၎င်းစေတသိက်တို့မှာ **မာန၊ ဣဿာ–မစ္ဆရိယ–ကုက္ကုစ္စ၊ ထိန–မိဒ္ဓ၊ ဝိရတီ–၃၊ အပ္ပမညာ–၂ ။ ပေါင်း ၁၁–ပါး** ဖြစ်၏။

www.dhammadownload.com


♦ နိယတယောဂီ စေတသိက် ၄၁-ပါး

ကျန် စေတသိက် ၄၁-ပါးသည် မိမိယှဉ်သောစိတ်တို့နှင့် အမြဲယှဉ်သော ကြောင့် နိယတယောဂီစေတသိက် မည်၏။

♦ အနိယတယောဂီ စေတသိက် ၁၁-ပါးတို့၏ ရံခါသာ ယှဉ်ပုံများ

(၁) မာနစေတသိက်သည်

= လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ အမြဲ မယှဉ်ပါ။

= ထောင်လွှားတက်ကြွမှု သဘောပါမှ ယှဉ်ကြ၏ ။

= ∴ ရံခါ/တစ်ပါးတည်း။ (ရံခါ = ကဒါစိ၊ တစ်ပါးတည်း = ဧကတော)

= ∴ ဧကတော ကဒါစိ မည်၏ ။

(၂) ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စသည်..

= ဒေါသမူစိတ် ၂-ပါး၌ အမြဲ မယှဉ်ကြပါ။

= သူတစ်ပါး စည်းစိမ်,ပညာစသည်၌ မနာလိုခိုက် (ဣဿာ)

= မိမိ 〃 ဝန်တိုနှမြောခိုက် (မစ္ဆရိယ)

= ပြုပြီး ဒုစရိုက်– မပြုလိုက်ရသေးသော သုစရိုက်တို့၌ နောင်တ, တစ်ဖန် ပူပန်ခိုက် (ကုက္ကုစ္စ)

= ဤသို့ ရံခါသာယှဉ်ရာ၌လည်း ၃-ပါးစုံ မယှဉ်ဘဲ အသီးသီး တစ်ပါး စီသာ ယှဉ်ကြ၏။

= ∴ ရံခါ / အသီးသီး ။ (ရံခါ = ကဒါစိ၊ အသီးသီး = နာနာ)

= ∴ နာနာ ကဒါစိ မည်၏ ။

(၃) ထိန–မိဒ္ဓသည် = အကုသိုလ် သ,သင်္ခါရိကစိတ် ၅-ပါး၌ အမြဲမယှဉ်ကြပါ။

= စိတ်, စေတသိက်တို့ ထိုင်းမှိုင်းလေးလံ, ပျင်းရိခိုက်သာ ယှဉ်ကြ၏။

= ယှဉ်ရာ၌လည်း အတူတကွ တစ်ပေါင်းတည်းသာ ယှဉ်ကြ ၏။

= ∴ ရံခါ/ အတူတကွ ။ (ရံခါ= ကဒါစိ၊ အတူတကွ = သဟ)

= ∴ သဟ ကဒါစိ မည်၏ ။

www.dhammadownload.com



(၄) ဝိရတီ ၃–ပါး = မဟာကုသိုလ်စိတ် ၈–ပါး၌ အမြဲ မယှဉ်ကြပါ။
= အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်သော ဝစီဒုစရိုက် ၄–ပါးမှ ရှောင်ကြဉ်ခိုက် (သမ္မာဝါစာ)
= အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်သော ကာယဒုစရိုက် ၃–ပါးမှ ရှောင်ကြဉ်ခိုက်၊ (သမ္မာကမ္မန္တ)
= အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်သော ကာယ– ဝစီဒုစရိုက် ၇–ပါးမှ ရှောင်ကြဉ်ခိုက်၊ (သမ္မာအာဇီဝ)
= သာမန် ဘုရားဖူး, တရားနာ စသော ပုညကြိယဝတ္ထု ကောင်းမှုများ၌ကား ရှောင်ကြဉ်စရာ ဒုစရိုက်များ မရှိသောကြောင့် မယှဉ်ကြပါ။
= ထိုသို့ ရံခါသာ ယှဉ်ရာ၌လည်း ၃–ပါးစုံ မယှဉ်မူ၍ အသီးသီး တစ်ပါးစီသာ ယှဉ်ကြ၏ ။
= ∴ ရံခါ / အသီးသီး (နာနာ ကဒါစိ)

(၅) အပ္ပမညာ ၂–ပါး = မဟာကုသိုလ်, ကြိယာ ၁၆–ပါး, မဟဂ္ဂုတ် ပဉ္စမဈာန် –၃၊ ဒုဈာန်စိတ်–၃၊ တဈာန်စိတ်–၃၊ စဈာန်စိတ် ၃–ပါး၊ ပေါင်း ၂၈–ပါး၌ အမြဲမယှဉ်ပါ။
= ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားကြင်နာခိုက်(ကရုဏာ)
= သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခိုက် (မုဒိတာ)
= ထိုသို့ ရံခါသာ ယှဉ်ရာ၌လည်း ၂–ပါးစုံ မယှဉ်မူ၍ အသီးသီး တစ်ပါးစီသာ ယှဉ်ကြ၏။
= ∴ ရံခါ/ အသီးသီး (နာနာ ကဒါစိ)

(သမ္ပယောဂနည်း ပြီး၏။)

www.dhammadownload.com



## သင်္ဂဟနည်း

စိတ်ကို မူတည်၍ စေတသိက်ပေါင်း မည်မျှနှင့် ယှဉ်နိုင်သည်ကို ပြသော နည်းသည် သင်္ဂဟနည်း မည်၏။ သင်္ဂဟနည်းသည် အကျဉ်းအားဖြင့် ၅-နည်း၊ အကျယ်အားဖြင့် ၃၃-နည်း ရှိ၏။

| | | | | | |
|---|---|---|---|---|---|
| (၁) | အကုသိုလ်စိတ် | ၁၂-ပါး၊ | သင်္ဂဟနည်း | = | ၇-နည်း |
| (၂) | အဟိတ်စိတ် | ၁၈-ပါး၊ | သင်္ဂဟနည်း | = | ၄-နည်း |
| (၃) | ကာမသောဘနစိတ် | ၂၄-ပါး၊ | သင်္ဂဟနည်း | = | ၁၂-နည်း |
| (၄) | မဟဂ္ဂုတ်စိတ် | ၂၇-ပါး၊ | သင်္ဂဟနည်း | = | ၅-နည်း |
| (၅) | လောကုတ္တရာစိတ် | ၈/ ၄၀-ပါး၊ | သင်္ဂဟနည်း | = | ၅-နည်း |
| | ပေါင်း စိတ် | ၈၉/၁၂၁-ပါး၊ | သင်္ဂဟနည်း(အကျယ်) | = | ၃၃-နည်း |

### (၁) အကုသိုလ်စိတ် ၁၂-ပါး၊ သင်္ဂဟနည်း ၇-နည်း

အကုသိုလ်စိတ် ၁၂-ပါးသည် (အသောဘန-သောဘနစိတ် နှစ်မျိုးလုံးနှင့် ယှဉ်နိုင်သော) **အညသမာန်းစေတသိက် ၁၃-ပါး၊** (အကုသိုလ်စိတ်များ၌သာ ယှဉ်နိုင်သော) **အကုသိုလ်စေတသိက် ၁၄-ပါး၊** ပေါင်း ၂၇-ပါးသော စေတသိက်များနှင့် ယှဉ်နိုင်ကြသည်။

[ ဤစေတသိက်တို့တွင် အနိယတယောဂီ(ရံခါယှဉ်သော) စေတသိက်တို့မှ မာန၊ ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ နှင့် ထိန-မိဒ္ဓ၊ ပေါင်း စေတသိက် ၆-ပါး ပါဝင်သောကြောင့်-

(၁) **အကုသိုလ်စိတ် ၁၂-ပါးလုံးနှင့် ယှဉ်နိုင်သမျှ စေတသိက်** = ၂၇-ပါး၊

(၂) 〃 〃 〃 အမြဲ ယှဉ်နိုင်သော 〃 = ၂၁-ပါး၊

( ∵ ရံခါယှဉ် ၆-ပါးကြဉ်၍)

| | | | | | | |
|---|---|---|---|---|---|---|
| ∴ | (က) | လောဘမူစိတ် | ၈-ပါး၊ | သင်္ဂဟနည်း | = | ၄-နည်း |
| | (ခ) | ဒေါသမူစိတ် | ၂-ပါး၊ | သင်္ဂဟနည်း | = | ၂-နည်း |
| | (ဂ) | မောဟမူစိတ် | ၂-ပါး၊ | သင်္ဂဟနည်း | = | ၁-နည်း |
| | | ပေါင်း အကုသိုလ်စိတ် | ၁၂-ပါး၊ | သင်္ဂဟနည်း | = | ၇-နည်း |

www.dhammadownload.com



## (က) လောဘမူစိတ် ၈-ပါး၊ သင်္ဂဟနည်း ၄-နည်း

| လောဘမူစိတ် | အညသမာန်း (၁၃) ပါး | အကုသိုလ်စေတသိက် (၁၄) ပါး | ပေါင်း | သင်္ဂဟနည်း |
|---|---|---|---|---|
| လောဘမူ ပ(အ) ဒိဋ္ဌိသံ ○ အ | အည= ၁၃ | မော(၄)+လောဘ+ဒိဋ္ဌိ | = ၁၉ | ၁-နည်း |
| လောဘမူ ဒု(အ) ဒိဋ္ဌိဝိ ○ အ | အည= ၁၃ | မော(၄)+လောဘ+မာန* ↓ (ထောင်လွှားမှုပါ) | = ၁၉ | |
| (သောင်လွှားမှု မပါ) | အည= ၁၃ | မော(၄) + လောဘ | = ၁၈ | |
| လောဘမူ တ(အ) ဒိဋ္ဌိသံ ● အ | ( ပီတိ x ) အည = ၁၂ | မော(၄)+လောဘ+ဒိဋ္ဌိ | = ၁၈ | ၁-နည်း |
| လောဘမူ စ(အ) ဒိဋ္ဌိဝိ ● အ | ( ပီတိ x ) အည = ၁၂ | မော(၄)+လောဘ+မာန ↓ (ထောင်လွှားမှုပါ) | = ၁၈ | |
| (ထောင်လွှားမှု မပါ) | ( ပီတိ x ) အည = ၁၂ | မော(၄) + လောဘ | = ၁၇ | |

www.dhammadownload.com



| လောဘမူစိတ် | အညသမာန်း (၁၃)ပါး | အကုသိုလ်စေတသိက် (၁၄)ပါး | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|---|
| လောဘမူ ပ(သ)<br>ဒိဋ္ဌိသံ<br>○<br>သ | အည= ၁၃ | မော(၄)+လောဘ+ဒိဋ္ဌိ+ထိ–မိ<br>(ထိုင်းမှိုင်း) | = ၂၁ | ၁–နည်း |
| (ထိုင်းမှိုင်းမှု မပါ) | အည= ၁၃ | မော(၄)+လောဘ+ဒိဋ္ဌိ | = ၁၉ | |
| လောဘမူ ဒု(သ)<br>ဒိဋ္ဌိဝိ<br>○<br>သ | အည= ၁၃ | မော(၄)+လောဘ+မာန+ထိ–မိ<br>(ထောင်လွှား)+(ထိုင်းမှိုင်း) | = ၂၁ | |
| ထောင်လွှားရှိသော | အည= ၁၃ | မော(၄)+လောဘ+မာန | = ၁၉ | |
| ထိုင်းမှိုင်းရှိသော | အည= ၁၃ | မော(၄)+လောဘ+ထိ–မိ | = ၂၀ | |
| လောဘမူ တ(သ)<br>ဒိဋ္ဌိသံ<br>●<br>သ | ( ပီတိ x )<br>အည= ၁၂ | မော(၄)+လောဘ+ဒိဋ္ဌိ+ထိ–မိ<br>(ထိုင်းမှိုင်း) | = ၂၀ | ၁–နည်း |
| (ထိုင်းမှိုင်းမှု မပါ) | ( ပီတိ x )<br>အည= ၁၂ | မော(၄)+လောဘ+ဒိဋ္ဌိ | = ၁၈ | |
| လောဘမူ စ(သ)<br>ဒိဋ္ဌိဝိ<br>●<br>သ | ( ပီတိ x )<br>အည= ၁၂ | မော(၄)+လောဘ+မာန+ထိ–မိ<br>(ထောင်လွှား)+(ထိုင်းမှိုင်း) | = ၂၀ | |
| ထောင်လွှားရှိသော | ( ပီတိ x )<br>အည= ၁၂ | မော(၄)+လောဘ+မာန | = ၁၈ | |
| ထိုင်းမှိုင်းရှိသော | ( ပီတိ x )<br>အည= ၁၂ | မော(၄)+လောဘ+ထိ–မိ | = ၁၉ | |

www.dhammadownload.com



## (ခ) ဒေါသမူစိတ် ၂-ပါး၊ သင်္ဂဟနည်း ၂-နည်း

| ဒေါသမူစိတ် | အညသမာန်း (၁၃)ပါး | အကုသိုလ်စေတသိက် (၁၄)ပါး | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|---|
| ဒေါသမူ(အ)စိတ် | | | | |
| ပဋိဃသံ ★ အ | (ပီတိ x) အည= ၁၂ | မော(၄) + ဒေါစတုက်(၄) | = ၂၀ | ၁-နည်း |
| ၁။ ဒေါသသက်သက် ဖြစ်သောအခါ• | ။ ။ | မော(၄)+ ဒေါသ(၁) | = ၁၇ | |
| ၂။ မနာလိုခိုက် •• | ။ | မော(၄)+ဒေါသ(၁)+ဣဿာ(၁) | = ၁၈ | |
| ၃။ နှမြောခိုက် ••• | ။ | မော(၄)+ဒေါသ(၁)+မစ္ဆရိယ(၁) | = ၁၈ | |
| ၄။ နောင်တရခိုက် | ။ | မော(၄)+ဒေါသ(၁)+ကုက္ကုစ္စ(၁) | = ၁၈ | |
| ဒေါသမူ(သ)စိတ် | | | | |
| ပဋိဃသံ ★ သ | (ပီတိ x) အည= ၁၂ | မော(၄)+ဒေါစတုက်(၄)+ထိ-မိ | = ၂၂ | ၁-နည်း |
| ၁။ ဒေါသသက်သက် ဖြစ်သောအခါ•• | ။ | မော(၄)+ဒေါသ(၁) | = ၁၇ | |
| ၂။ ထိုင်းမှိုင်းသော်• | ။ | မော(၄)+ဒေါသ+ထိ-မိ | = ၁၉ | |
| ၃။ မနာလိုခိုက် ••• | ။ | မော(၄)+ဒေါသ+ဣဿာ | = ၁၈ | |
| ၄။ မနာလို+ထိုင်းမှိုင်း | ။ | မော(၄)+ဒေါသ+ဣဿာ+ထိ-မိ | = ၂၀ | |
| ၅။ နှမြောခိုက် ••• | ။ | မော(၄)+ဒေါသ+မစ္ဆရိယ | = ၁၈ | |
| ၆။ နှမြော+ထိုင်းမှိုင်း | ။ | မော(၄)+ဒေါသ+မစ္ဆရိယ+ထိ-မိ | = ၂၀ | |
| ၇။ နောင်တရခိုက်• | ။ | မော(၄)+ဒေါသ+ကုက္ကုစ္စ | = ၁၈ | |
| ၈။ နောင်တ+ထိုင်းမှိုင်း | ။ | မော(၄)+ဒေါသ+ကုက္ကုစ္စ+ထိ-မိ | = ၂၀ | |

www.dhammadownload.com



## (ဂ) မောဟမူစိတ် ၂-ပါး၊ သင်္ဂဟနည်း ၁-နည်း

| မောဟမူစိတ် | အညသမာန်း (၁၃)ပါး | အကုသိုလ်စေတသိက် (၁၄)ပါး | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|---|
| ဝိစိကိစ္ဆာသံ-စိတ် ဝိစိသံ ● | (အဓိမောက္ခ ပီတိ၊ ဆန္ဒ x) အညသ = ၁၀ | မော (၄) + ဝိစိ(၁) | = ၁၅ | ၁-နည်း |
| ဥဒ္ဓစ္စသံ-စိတ် ဥဒ္ဓစ္စသံ ● | ( ပီတိ၊ ဆန္ဒ x) အညသ = ၁၁ | မော (၄) | = ၁၅ | |

### သဗ္ဗာကုသလယောဂီ စေတသိက်(၁၄)ပါး

အကုသိုလ်စိတ် ၁၂-ပါးနှင့် ယှဉ်နိုင်သမျှသော အညသမာန်းစေတသိက် (၁၃)ပါးနှင့် အကုသိုလ်စေတသိက် (၁၄)ပါး၊ ပေါင်း (၂၇)ပါးသော စေတသိက်တို့တွင် ... အကုသိုလ်စိတ် (၁၂)ပါးဖြစ်တိုင်း ပါဝင်နိုင်, ယှဉ်နိုင်, ဆက်ဆံနိုင်သော စေတသိက်တို့သည် **သဗ္ဗာကုသလယောဂီ စေတသိက်** မည်၏။ ၎င်း စေတသိက်တို့မှာ-

(၁) သဗ္ဗစိတ္တသာဓာရဏ စေတသိက် = ၇-ပါး

(၂) ဝိတက်၊ ဝိစာရ၊ ဝီရိယ (ပကိဏ်းစေတသိက်) = ၃-ပါး

(၃) သဗ္ဗာကုသလ သာဓာရဏ စေတသိက် = ၄-ပါး

ပေါင်း သဗ္ဗာကုသလယောဂီ စေတသိက် = ၁၄-ပါး

[ဆောင် ။ ။ သဗ္ဗစိတ္တ (၇) + ဝိ,ဝိ,ဝီ + မောစတုက်(၄)
= သဗ္ဗာကုသလယောဂီ စေတသိက် (၁၄)ပါး ]

www.dhammadownload.com



## (၂) အဟိတ်စိတ် ၁၈-ပါး၊ သင်္ဂဟနည်း ၄-နည်း

အဟိတ်စိတ် ၁၈–ပါးသည် အသောဘနစိတ်ထဲတွင် ပါဝင်သောကြောင့် (သောဘန–အသောဘနစိတ် နှစ်မျိုးလုံးနှင့် ယှဉ်နိုင်သော) အညသမာန်းစေတသိက် ၁၃–ပါးမှ (အဟိတ်စိတ်ဟူသမျှ မယှဉ်နိုင်သော) **ဆန္ဒစေတသိက်ကြဉ်သော အညသမာန်း စေတသိက် ၁၂–ပါး** ယှဉ်ကြ၏။

[မှတ်ချက်။ ။ ဤတွင် သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇–ပါးမှာ အမြဲယှဉ်ကြပြီး၊ ဆန္ဒကြဉ်သော ပကိဏ်းစေတသိက် ၅–ပါးမှာ ထိုက်သင့်သလိုသာ ယှဉ်ကြသည်။]

| အဟိတ်စိတ်(၁၈)ပါး | အညသမာန်းစေတသိက် (၁၃)ပါး | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|
| (၁) ဒွေပဉ္စဝိညာဏ် ၁၀–ပါး | သဗ္ဗစိတ္တသာဓာရဏစေတသိက်(၇) | = ၇ | ၁–နည်း |
| (၂) သောမနဿ သန္တီရဏ | (ဝီရိယ၊ ဆန္ဒ x) အည(၁၁) | = ၁၁ | ၁–နည်း |
| (၃) မနောဒွါရာဝဇ္ဇန်း | (ပီတိ၊ ဆန္ဒ x) အည(၁၁) | = ၁၁ | |
| (၄) ဥပေက္ခာ သန္တီရဏ ၂–ပါး | (ဝီရိယ၊ ပီတိ၊ ဆန္ဒ x) အည(၁၀) | = ၁၀ | ၁–နည်း |
| ပဉ္စဒွါရာဝဇ္ဇန်း ၁–ပါး | | | |
| သမ္ပဋိစ္ဆိုင်း ၂–ပါး | | | |
| (၅) ဟသိတုပ္ပါဒ် | (ဆန္ဒ x) အည(၁၂) | = ၁၂ | ၁–နည်း |

သဗ္ဗာဟေတုက သာဓာရဏ စေတသိက်၊ သဗ္ဗာဟေတုကယောဂီ စေတသိက်(၇)ပါး

အဟိတ်စိတ်တို့နှင့် ယှဉ်နိုင်သော ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂–ပါးတို့တွင် **သဗ္ဗစိတ္တသာဓာရဏစေတသိက်** ၇–ပါးမှာ အဟိတ်စိတ်ဖြစ်တိုင်း ပါဝင်နိုင်၊ ယှဉ်နိုင်၊ ဆက်ဆံနိုင်သောကြောင့် သဗ္ဗာဟေတုက သာဓာရဏ စေတသိက်နှင့် သဗ္ဗာဟေတုကယောဂီ စေတသိက် မည်၏။

www.dhammadownload.com



## (၃) ကာမသောဘန ၂၄-ပါး၊ သင်္ဂဟနည်း ၁၂-နည်း

မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပေါင်း ကာမသောဘနစိတ် ၂၄-ပါးတို့သည် (အသောဘန-သောဘန စိတ် နှစ်မျိုးလုံးနှင့် ယှဉ်နိုင်သော) အညသမာန်းစေတသိက် ၁၃-ပါး၊ (သောဘန စိတ်များ၌သာ ယှဉ်နိုင်သော) သောဘနစေတသိက် ၂၅-ပါး၊ ပေါင်း ၃၈-ပါး သော စေတသိက်များနှင့် ယှဉ်နိုင်ကြသည်။

[ဤစေတသိက်တို့တွင် ဝိရတီ ၃-ပါးနှင့် အပ္ပမညာ ၂-ပါးတို့မှာ အနိယတယောဂီ စေတသိက်များဖြစ်ကြ၍ ၎င်းတို့၏ သဘောအားလျော်စွာ အခြေအနေအလိုက် **ရံခါ/ အသီးသီး** ယှဉ်သင့်သလို ယှဉ်နိုင်ကြသည်။]

### (က) မဟာကုသိုလ်စိတ် ၈-ပါး၊ သင်္ဂဟနည်း ၄-နည်း

| မဟာကုသိုလ် စိတ် | အညသမာန်း (၁၃)ပါး | သောဘနစေတသိက်(၂၅)ပါး | | | | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|---|---|---|---|
| | | (၁၉) | (၃) | (၂) | (၁) | | |
| ပ-ဒွေး ဉာသံ ○○ | ၁၃ | ၁၉ | ၃ (ရံခါ/အသီးသီး) | ၂ | ၁ | = ၃၈ | ၁-နည်း |
| ဒု-ဒွေး ဉာဝိပ် ○○ | ၁၃ | ၁၉ | ၃ (ရံခါ/အသီးသီး) | ၂ | x | = ၃၇ | ၁-နည်း |
| တ-ဒွေး ဉာသံ ●● | ၁၂ ( ပီတိ x ) | ၁၉ | ၃ (ရံခါ/အသီးသီး) | ၂ | ၁ | = ၃၇ | ၁-နည်း |
| စ-ဒွေး ဉာဝိပ် ●● | ၁၂ ( ပီတိ x ) | ၁၉ | ၃ (ရံခါ/အသီးသီး) | ၂ | x | = ၃၆ | ၁-နည်း |

www.dhammadownload.com



∴ မဟာကုသိုလ်စိတ် ၈-ပါးတွင် ...

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) ယှဉ်နိုင်သမျှ | စေတသိက် | = | အညသမာန်း (၁၃) | + | သောဘန (၂၅) | | = ၃၈-ပါး |
| (၂) အမြဲ ယှဉ်နိုင်သော | ။ | = | ၃၈-ပါး | – | (ဝိရတီ-၃+အပ္ပ-၂) | | = ၃၃-ပါး |
| (၃) တစ်ပြိုင်နက် ယှဉ်နိုင်သော | ။ | = | ၃၃-ပါး | + | အနိယတစေ(၁) | | = ၃၄-ပါး |
| သမ္မာဝါစာ | ယှဉ်ခိုက် | = | (၃၃) | + | သမ္မာဝါစာ | (၁) | = ၃၄-ပါး |
| သမ္မာကမ္မန္တ | ယှဉ်ခိုက် | = | (၃၃) | + | သမ္မာကမ္မန္တ | (၁) | = ၃၄-ပါး |
| သမ္မာအာဇီဝ | ယှဉ်ခိုက် | = | (၃၃) | + | သမ္မာအာဇီဝ | (၁) | = ၃၄-ပါး |
| ကရုဏာ | ယှဉ်ခိုက် | = | (၃၃) | + | ကရုဏာ | (၁) | = ၃၄-ပါး |
| မုဒိတာ | ယှဉ်ခိုက် | = | (၃၃) | + | မုဒိတာ | (၁) | = ၃၄-ပါး |

[မှတ်ချက် ။ ။ ဤပုံစံအတိုင်း မဟာကုသိုလ်စိတ် ၁-ပါးစီကို လေ့ကျင့်သွားပါ။]

## (ခ) မဟာဝိပါက်စိတ် ၈-ပါး၊ သင်္ဂဟနည်း ၄-နည်း

| မဟာဝိပါက် စိတ် | အညသမာန်း (၁၃)ပါး | သောဘနစေတသိက်(၂၅)ပါး | | | | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|---|---|---|---|
| | | (၁၉) | (၃) | (၂) | (၁) | | |
| ပ-ဒွေး | ၁၃ | ၁၉ | x | x | ၁ | = ၃၃ | ၁-နည်း |
| ဒု-ဒွေး | ၁၃ | ၁၉ | x | x | x | = ၃၂ | ၁-နည်း |
| တ-ဒွေး | အညာ = ၁၂ ( ပီတိ x ) | ၁၉ | x | x | ၁ | = ၃၂ | ၁-နည်း |
| စ-ဒွေး | အညာ = ၁၂ ( ပီတိ x ) | ၁၉ | x | x | x | = ၃၁ | ၁-နည်း |

www.dhammadownload.com



∴ မဟာဝိပါက်စိတ် ၈–ပါးတွင် ...

(၁) ယှဉ်နိုင်သမျှ စေတသိက် = အညသမာန်း (၁၃) + (ဝိရတီ, အပ္ပ x) သောဘန (၂၀) = ၃၃–ပါး

(၂) အမြဲ ယှဉ်နိုင်သော ။ = ၃၃–ပါး

(၃) တစ်ပြိုင်နက် ယှဉ်နိုင်သော ။ = ၃၃–ပါး

[မှတ်ချက် ။ ။ မဟာဝိပါက်စိတ်တို့၌ အနိယတယောဂီစေတသိက်တို့ လုံးဝ မယှဉ်ကြသဖြင့် ယှဉ်နိုင်သမျှ/ အမြဲ/ တစ်ပြိုင်နက် ယှဉ်နိုင်သော စေတသိက်တို့မှာ တူကြသည်။ ဤပုံစံအတိုင်း မဟာဝိပါက်စိတ် ၁–ပါးစီကို လေ့ကျင့်သွားနိုင်သည်။]

## (ဂ) မဟာကြိယာစိတ် ၈-ပါး၊ သင်္ဂနည်း ၄-နည်း

| မဟာကြိယာစိတ် | အညသမာန်း (၁၃)ပါး | သောဘနစေတသိက်(၂၅)ပါး | | | | ပေါင်း | သင်္ဂဟနည်း |
|---|---|---|---|---|---|---|---|
| | | (၁၉) | (၃) | (၂) | (၁) | | |
| ပ–ဒွေး | ၁၃ | ၁၉ | x | ၂ ရံခါ/ အသီး၂ | ၁ | = ၃၅ | ၁–နည်း |
| ဒု–ဒွေး | ၁၃ | ၁၉ | x | ၂ | x | = ၃၄ | ၁–နည်း |
| တ–ဒွေး | အည = ၁၂ ( ပီတိ x ) | ၁၉ | x | ၂ | ၁ | = ၃၄ | ၁–နည်း |
| စ–ဒွေး | အည = ၁၂ ( ပီတိ x ) | ၁၉ | x | ၂ | x | = ၃၃ | ၁–နည်း |

www.dhammadownload.com



∴ မဟာကြိယာစိတ် ၈-ပါးတွင် ....

| | | | | | | |
|---|---|---|---|---|---|---|
| (၁) ယှဉ်နိုင်သမျှ | စေတသိက် | = အည (၁၃) | + | ဝိရတီကြဉ် ... သောဘန(၂၂) | = ၃၅-ပါး |
| (၂) အမြဲယှဉ်နိုင်သော | ။ | = ၃၅ | - | (အပ္ပမညာ-၂) | = ၃၃-ပါး |
| (၃) တစ်ပြိုင်နက် ယှဉ်နိုင်သော | ။ | = ၃၃ | + | အနိယတစေ(၁) | = ၃၄-ပါး |
| သနားကြင်နာခိုက်... | | = ၃၃ | + | ကရုဏာ | = ၃၄-ပါး |
| ဝမ်းမြောက်ခိုက် ... | | = ၃၃ | + | မုဒိတာ | = ၃၄-ပါး |

## (၄) မဟဂ္ဂုတ်စိတ် ၂၇-ပါး၊ သင်္ဂဟနည်း ၅-နည်း

| မဟဂ္ဂုတ် စိတ် | အညသမာန်း (၁၃)ပါး | သောဘနစေတသိက်(၂၅)ပါး | | | | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|---|---|---|---|
| | | (၁၉) | (၃) | (၂) | (၁) | | |
| ပ-ဈာန် (၃) | ၁၃ | ၁၉ | x | ၂ ရံခါ/ အသီး၂ | ၁ | = ၃၅ | ၁-နည်း |
| ဒု-ဈာန် (၃) | ၁၂ ( တက် x) | ၁၉ | x | ၂ | ၁ | = ၃၄ | ၁-နည်း |
| တ-ဈာန်(၃) | ၁၁ (တက်,စာ x) | ၁၉ | x | ၂ | ၁ | = ၃၃ | ၁-နည်း |
| စ-ဈာန် (၃) | ၁၀ (တက်,စာ,ပီ x) | ၁၉ | x | ၂ | ၁ | = ၃၂ | ၁-နည်း |
| ပဉ-ဈာန်(၁၅) | ၁၀ (တက်,စာ,ပီ x) | ၁၉ | x | x | ၁ | = ၃၀ | ၁-နည်း |

www.dhammadownload.com


∴ မဟာဂ္ဂုတ်စိတ် ၈–ပါး၌ ....

| | | | | | | |
|---|---|---|---|---|---|---|
| (၁) ယှဉ်နိုင်သမျှ | စေတသိက် | = အညသမာန်း (၁၃) | + | (ဝိရတီကြဉ် x) သောဘန(၂၂) | = | ၃၅–ပါး |
| (၂) အမြဲယှဉ်နိုင်သော | ။ | = (၃၅) | – | အပ္ပမညာ(၂) | = | ၃၃–ပါး |
| (၃) တစ်ပြိုင်နက် ယှဉ်နိုင်သော ။ | | = (၃၃) | + | အနိယတစေ(၁) | = | ၃၄–ပါး |
| ကရုဏာစျာန် ဝင်စားခိုက် ... | | = ၃၃ | + | ကရုဏာ | = | ၃၄–ပါး |
| မုဒိတာစျာန် ဝင်စားခိုက် ... | | = ၃၃ | + | မုဒိတာ | = | ၃၄–ပါး |

## (၅) လောကုတ္တရာစိတ်အကျယ် ၄၀-ပါး၊ သင်္ဂဟနည်း ၅-နည်း

| လောကုတ္တရာ စိတ် | အညသမာန်း (၁၃)ပါး | သောဘနစေတသိက်(၂၅)ပါး | | | | ပေါင်း | သင်္ဂဟ နည်း |
|---|---|---|---|---|---|---|---|
| | | (၁၉) | (၃) | (၂) | (၁) | | |
| ပ–စျာန် (၈) | ၁၃ | ၁၉ | ၃ | x | ၁ | = ၃၆ | ၁–နည်း |
| ဒု–စျာန် (၈) | ၁၂ ( တက် x ) | ၁၉ | ၃ | x | ၁ | = ၃၅ | ၁–နည်း |
| တ–စျာန် (၈) | ၁၁ (တက်,စာ x) | ၁၉ | ၃ | x | ၁ | = ၃၄ | ၁–နည်း |
| စ–စျာန် (၈) | ၁၀ (တက်,စာ,ပီ x) | ၁၉ | ၃ | x | ၁ | = ၃၃ | ၁–နည်း |
| ပဉ္စ–စျာန် (၈) | ၁၀ (တက်,စာ,ပီ x) | ၁၉ | ၃ | x | ၁ | = ၃၃ | ၁–နည်း |

www.dhammadownload.com



♦ ဝိသေသကစေတသိက် (၁၀)ပါး

ဝိတက်, ဝိစာရ, ပီတိ, သုခ(ဈာနင်တရာများ)နှင့် ဝိရတီ(၃)ပါး, အပ္ပမညာ(၂)ပါး, ပညာ၊ ပေါင်း (၁၀)ပါးသော စေတသိက်တို့သည် စိတ်ချင်း ထူးအောင်ပြုသော ဝိသေသကစေတသိက်များ ဖြစ်ကြ၏။

[**ဆောင်**။ ။ တက်,စာ,ပီ,သု၊ ဈာန်အင်စု၊ ၂-ခု ပမညာ၊
ဝိရတီ၊ ဉာဏ၊ ပေါင်း ဆယ်ဝ၊ မှတ်ကြ ဝိသေသာ။]

♦ စိတ်ချင်း ထူးခြားအောင်ပြုပုံ

(၁) ကာမသောဘနစိတ် တို့ကို = အပ္ပမညာ၊ ဝိရတီ၊ ဉာဏ်(ပညာ)၊

(၂) မဟဂ္ဂုတ်စိတ် တို့ကို = ဈာနင်တရားနှင့် အပ္ပမညာ၊

(၃) လောကုတ္တရာစိတ် တို့ကို = ဈာနင်တရား စေတသိက်တို့က ထူးအောင် ပြုကြသည်။

စေတသိက်ပိုင်း ပြီး၏

www.dhammadownload.com

# ၃။ ပကိဏ်းပိုင်း

## နာမ်တေပညာသ

"စိတ် ၈၉–ပါးရှိ၏"ဟု ပြောရိုးရှိသော်လည်း စင်စစ်မှာ အာရမ္မဏ ဝိဇာနန (အာရုံကို သိခြင်းသဘော) လက္ခဏာအားဖြင့် တစ်ပါးတည်းသာ ရှိသောကြောင့် စိတ်အားလုံးကို ၁–ပါးဟုသာ ရေတွက်ရသည်။

"စေတသိက် ၅၂–ပါး"ကား ဖဿ၏ (အာရုံကို တွေ့ထိခြင်း) ဖုသန လက္ခဏာ၊ ဝေဒနာ၏ (အာရုံကို ခံစားခြင်း) အနုဘဝနလက္ခဏာ၊ သညာ၏ (အာရုံကို မှတ်သားခြင်း) သဥ္ဇာနနလက္ခဏာ– စသော မိမိဆိုင်ရာ လက္ခဏာအားဖြင့် ၁–ပါးစီ ဖြစ်သောကြောင့် ၅၂–ပါးပင် ရှိ၏။

ထို့ကြောင့် မိမိ, မိမိ၏ သဘောလက္ခဏာအားဖြင့် စိတ် ၁–ပါး၊ စေတသိက် ၅၂–ပါး၊ ပေါင်း ၅၃–ပါးကိုပင် နာမ်တေပညာသ–ဟု ခေါ်၏ ။

| | | |
|---|---|---|
| **ပကိဏ္ဏက (ပကိဏ်း)** | = | ရောရောပြွမ်းပြွမ်း၊ |
| **ပကိဏ်းပိုင်း** | = | စိတ်, စေတသိက် (နာမ်တေပညာသ)တို့ကို ဝေဒနာသင်္ဂဟ–စသော သင်္ဂဟ ၆–ပါးအားဖြင့် ရောပြွမ်း၍ ပြရာအပိုင်း။ |

## သင်္ဂဟ ၆-ပါး

(၁) ဝေဒနာသင်္ဂဟ

(၂) ဟေတုသင်္ဂဟ

(၃) ကိစ္စသင်္ဂဟ

(၄) ဒွါရသင်္ဂဟ

(၅) အာရမ္မဏသင်္ဂဟ

(၆) ဝတ္ထုသင်္ဂဟ

www.dhammadownload.com



## (၁) ဝေဒနာသင်္ဂဟ

ဝေဒနာအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟသည် ဝေဒနာသင်္ဂဟ မည်၏။

ဝေဒနာ = အာရုံကို ခံစားတတ်သောသဘော၊ (စေတသိက်)

ဝေဒနာအပြား

(က) ဣန္ဒြိယဘေဒနည်း = စိတ်, စေတသိက်တို့ကို ဣန္ဒြေအပြားအားဖြင့် ကိုယ်, စိတ် ၂-ပါး ခွဲခြားကာ အာရုံခံစားမှု ဝေဒနာ ပြားသောနည်း။

(ခ) အာရမ္မဏာနုဘဝနလက္ခဏာဘေဒနည်း = စိတ်, စေတသိက်တို့ကို အာရုံအလိုက် ခံစားမှု ဝေဒနာ ပြားသောနည်း။

= (အာရမ္မဏ - အာရုံ၊ အနုဘဝန - ခံစားခြင်း။ လက္ခဏ - အမှတ်အသား။)

(က) ဣန္ဒြိယဘေဒနည်း

| ဣန္ဒြေအပြား | ဝေဒနာအပြား | ယှဉ်စိတ်ပေါင်း |
|---|---|---|
| (၁) သုခိန္ဒြေ | သုခဝေဒနာ (ကိုယ်ချမ်းသာသော ခံစားမှု) | ၁-ပါး |
| (၂) ဒုက္ခိန္ဒြေ | ဒုက္ခဝေဒနာ (ကိုယ်ဆင်းရဲသော ခံစားမှု) | ၁-ပါး |
| (၃) သောမနဿိန္ဒြေ | သောမနဿဝေဒနာ (စိတ်ချမ်းသာသော ခံစားမှု) | ၆၂-ပါး |
| (၄) ဒေါမနဿိန္ဒြေ | ဒေါမနဿဝေဒနာ (စိတ်ဆင်းရဲသော ခံစားမှု) | ၂-ပါး |
| (၅) ဥပေက္ခိန္ဒြေ | ဥပေက္ခာဝေဒနာ (စိတ်အသင့်အတင့် ခံစားမှု) | ၅၅-ပါး |

www.dhammadownload.com



## (ခ) အာရမ္မဏာနုဘဝန လက္ခဏာဘေဒနည်း

| ဣဋ္ဌဒွေအပြား | ဝေဒနာအပြား | ယှဉ်စိတ်ပေါင်း |
|---|---|---|
| (၁) ဣဋ္ဌာရုံ = အလိုရှိအပ် (ကောင်းမြတ်) သောအာရုံ | သုခဝေဒနာ = ချမ်းသာသော ခံစားမှု (သုခ + သောမနဿ) (သုခ → ကိုယ်, သောမနဿ → စိတ်) | ၆၃–ပါး |
| (၂) အနိဋ္ဌာရုံ= အလိုမရှိအပ် (မကောင်းမြတ်) သောအာရုံ | ဒုက္ခဝေဒနာ = ဆင်းရဲသော ခံစားမှု (ဒုက္ခ + ဒေါမနဿ) (ဒုက္ခ → ကိုယ်, ဒေါမနဿ → စိတ်) | ၃–ပါး |
| (၃) ဣဋ္ဌမဇ္ဈတ္တာရုံ = အလယ်အလတ် အလိုရှိအပ်သော (ကောင်းမြတ်) သောအာရုံ | အဒုက္ခ–မသုခ ဝေဒနာ = ဆင်းရဲသည်လည်း မဟုတ်၊ ချမ်းသာသည်လည်း ။ အသင့်အတင့် ခံစားမှု (ဥပေက္ခာ) → စိတ် | ၅၅–ပါး |

●●●●●

## (၂) ဟေတုသင်္ဂဟ

ဟိတ်အပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟ သည် ဟေတုသင်္ဂဟ–မည်၏ ။

**ဟိတ်(ဟေတု)** = နိုင်မြဲခြင်း, အမြစ်ရှိခြင်းသဘော၊

**ဟိတ်အပြား ၆–ပါး** = လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်။ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟ ဟိတ်။

ဟိတ်အမည် ၄-မျိုး (ဟိတ်နှင့်စပ်၍ စိတ်အမည် ၄-မျိုး)

(၁) **အဟိတ်စိတ်** = ယှဉ်ဘက်ဟိတ် ၁–ပါးမျှ မရှိသောစိတ်၊
(၂) **ဧကဟိတ်စိတ်** = ယှဉ်ဘက်ဟိတ် ၁–ပါးသာ ရှိသောစိတ်၊
(၃) **ဒွိဟိတ်စိတ်** = ယှဉ်ဘက်ဟိတ် ၂–ပါးစီ ရှိသောစိတ်၊
(၄) **တိဟိတ်စိတ်** = ယှဉ်ဘက်ဟိတ် ၃–ပါးစီ ရှိသောစိတ်၊

www.dhammadownload.com



| စိတ်(၈၉)ပါး /၁၂၁ ပါး | ယှဉ်ဘက်ဟိတ် | ဟိတ်အမည် | ပေါင်း |
|---|---|---|---|
| (၁) အဟိတ်စိတ် ၁၈–ပါး | × | အဟိတ်စိတ် | ၁၈–ပါး |
| (၂) မောဟစိတ် ၂–ပါး | မောဟဟိတ် | ဧကဟိတ်စိတ် | ၂–ပါး |
| (၃) လောဘမူစိတ် ၈–ပါး<br>ဒေါသမူစိတ် ၂–ပါး<br>ဉာဝိပ်စိတ် ၁၂–ပါး | လောဘဟိတ်–မောဟဟိတ်<br>ဒေါသဟိတ်–မောဟဟိတ်<br>အလောဘဟိတ်–အဒေါသဟိတ် | ဒွိဟိတ်စိတ်<br>॥<br>॥ | ၂၂–ပါး |
| (၄) ဉာဏ်စိတ် ၁၂–ပါး<br>မဟဂ္ဂုတ်စိတ် ၂၇–ပါး<br>လောကုတ် ၈–ပါး/၄၀ပါး | အလောဘ–အဒေါသ–အမောဟ<br>॥<br>॥ | တိဟိတ်စိတ်<br>॥<br>॥ | ၄၇/၇၉–ပါး |

* **စိတ်အကျဉ်း** ၈၉–ပါး = အဟိတ်စိတ် ၁၈–ပါး + သဟိတ်စိတ် ၇၁–ပါး

* **စိတ်အကျယ် ၁၂၁–ပါး** = အဟိတ်စိတ် ၁၈–ပါး + သဟိတ်စိတ် ၁၀၃–ပါး

### ♦ ဇာတ်အားဖြင့် ဟိတ် ၁၂–ပါး

(၁) အကုသိုလ်ဟိတ် ၃–ပါး = လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်။

(၂) ကုသိုလ်ဟိတ် ၃–ပါး = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

(၃) ဝိပါက်ဟိတ် ၃–ပါး = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

(၄) ကြိယာဟိတ် ၃–ပါး = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

### ♦ တိုက်အားဖြင့် ဟိတ် ၉-ပါး

(၁) အကုသိုလ်ဟိတ် ၃–ပါး = လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်။

(၂) ကုသိုလ်ဟိတ် ၃–ပါး = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

(၃) အဗျာကတဟိတ် ၃–ပါး = အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ်။

www.dhammadownload.com



♦ ဘုံအားဖြင့် ဟိတ် ၁၅-ပါး

(၁) ကာမဘုံ = ဟိတ် ၆–ပါး၊ (အကု, ကု, ဝိ, ကြိ)
(၂) ရူပဘုံ = အလောဘ၊ အဒေါသ၊ အမောဟဟိတ်၃–ပါး၊ (ကု, ဝိ, ကြိ)
(၃) အရူပဘုံ = အလောဘ၊ အဒေါသ၊ အမောဟဟိတ် ၃–ပါး၊ (ကု, ဝိ, ကြိ)
(၄) လောကုတ္တရာဘုံ = အလောဘ၊ အဒေါသ၊ အမောဟဟိတ် ၃–ပါး၊ (ကု, ဝိ, ကြိ)

♦ ပုဂ္ဂိုလ်အားဖြင့် ဟိတ် ၂၆-ပါး

(၁) ပုထုဇဉ်ပုဂ္ဂိုလ် = ဟိတ် ၆–ပါး၊ (အကု, ကု, ဝိ)
(၂) သောတာပန်ပုဂ္ဂိုလ် = ဟိတ် ၆–ပါး၊ (အကု, ကု, ဝိ)
(၃) သကဒါဂါမ်ပုဂ္ဂိုလ် = ဟိတ် ၆–ပါး၊ (အကု, ကု, ဝိ)
(၄) အနာဂါမ်ပုဂ္ဂိုလ် = ဒေါသဟိတ် ကြဉ်သော် ...ဟိတ် ၅–ပါး၊ (အကု, ကု, ဝိ)
(၅) ရဟန္တာပုဂ္ဂိုလ် = အလောဘ၊ အဒေါသ၊ အမောဟဟိတ် ၃–ပါး (ဝိ, ကြိ)

www.dhammadownload.com



## (၃) ကိစ္စသင်္ဂဟ

ကိစ္စအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟသည် ကိစ္စသင်္ဂဟ-မည်၏ ။

ကိစ္စ = စိတ်တို့၏ ဆောင်ရွက်သောလုပ်ငန်း၊

ကိစ္စအပြား ၁၄-ပါး

(၁) ပဋိသန္ဓေကိစ္စ = ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းကိစ္စ၊

(၂) ဘဝင်ကိစ္စ = ကံအရှိန် ရှိသမျှ တစ်ဘဝလုံး နာမ်ခန္ဓာ အစဉ်မပြတ်ရအောင် ရရှိထားရာဘဝကို စောင့်ရှောက်ပေးခြင်းကိစ္စ၊

(၃) အာဝဇ္ဇန်းကိစ္စ = ဒွါရ၌ ထင်လာသော အာရုံ (အသစ်)တို့ကို ဆင်ခြင်ခြင်းကိစ္စ၊

(၄) ဒဿနကိစ္စ = အဆင်းကို မြင်ခြင်းကိစ္စ၊

(၅) သဝနကိစ္စ = အသံကို ကြားခြင်းကိစ္စ၊

(၆) ဃာယနကိစ္စ = အနံ့ကို နံခြင်းကိစ္စ၊

(၇) သာယနကိစ္စ = အရသာကို စားသိခြင်းကိစ္စ၊

(၈) ဖုသနကိစ္စ = အတွေ့အထိကို တွေ့ထိခြင်းကိစ္စ၊

(၉) သမ္ပဋိစ္ဆန်းကိစ္စ = ပဉ္စဒွါရ၌ ထင်လာသော ပဉ္စာရုံကို လက်ခံခြင်းကိစ္စ၊

(၁၀) သန္တီရဏကိစ္စ = ပဉ္စဒွါရ၌ ထင်လာသော ပဉ္စာရုံကို စုံစမ်းခြင်းကိစ္စ၊

(၁၁) ဝုဋ္ဌောကိစ္စ = ပဉ္စဒွါရ၌ ထင်လာသော ပဉ္စာရုံကို သာယာဖွယ်, မသာယာဖွယ်ဟု ပိုင်းခြား မှတ်သား ဆုံးဖြတ်ခြင်းကိစ္စ၊

(၁၂) ဇောကိစ္စ = အာရုံ၏ အရသာကို အရှိန်အဟုန်ဖြင့် ခံစားခြင်းကိစ္စ၊

(၁၃) တဒါရုံကိစ္စ = ဇောခံစားပြီးသော အာရုံကို ထပ်မံ ခံစားခြင်းကိစ္စ၊

(၁၄) စုတိကိစ္စ = ရရှိထားရာဘဝမှ လျှောကျပျက်စီး သေဆုံးခြင်းကိစ္စ၊

ဤကိစ္စ ၁၄-ပါး အစဉ်ကား **တစ်ဘဝ၌ ပုဂ္ဂိုလ်,သတ္တဝါတို့၏ စိတ်**ဆောင်ရွက်သောလုပ်ငန်း အစဉ်အကိုင်းပေတည်း၊ စိတ်, စေတသိက်တို့သည်

www.dhammadownload.com



ဤကိစ္စ ၁၄-ပါးတို့မှ ပိုလွန်၍လည်း မဖြစ်၊ ယုတ်လျော့၍လည်း မဖြစ်၊ ဤကိစ္စ ၁၄-ပါးတို့သာ ဖြစ်ကြသည်။

## ဆိုင်ရာကိစ္စတပ်သော စိတ်သရုပ်

ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသော (ပဋိသန္ဓေကိစ္စ)၊ ရရှိထားရာ ဘဝကို စောင့်ရှောက်ပေးသော (ဘဝင်ကိစ္စ)၊ ရရှိထားရာဘဝမှ လျှောကျပျက်စီးသေဆုံးခြင်း (စုတိကိစ္စ) ဟူသည် အတိတ်ကံတရားများကြောင့် ဖြစ်ပေါ်လာသော **အကျိုးဝိပါက်စိတ်များ၏** ဘဝအစမှသည် အဆုံးတိုင်အောင် ကံအရှိန် ရှိသမျှ ဆက်စပ် ဆောင်ရွက်သွားကြသော လုပ်ငန်းကိစ္စများ ဖြစ်ကြသည်။

သို့ဖြစ်၍ မိမိတို့ ပြုခဲ့သော လောကီကုသိုလ်, အကုသိုလ် ကံတရားများကြောင့် ဘဝခန္ဓာအနေဖြင့် အကျိုးပေးမည့် အကျိုးဝိပါက်စိတ်များသည် ဘဝအစ ပဋိသန္ဓေကိစ္စ ဆောင်ရွက်ပြီးနောက် ဘဝင်ကိစ္စကို ဆက်လက် ဆောင်ရွက်ကာ ကံအရှိန်ကုန်သောအခါ စုတိကိစ္စကို တစ်ဘဝ၏ အဆုံးသတ်အဖြစ် နောက်ဆုံး ဆောင်ရွက်သွားကြလေသည်။

## ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သော စိတ်များ

(က) အကုဝိ ဥပေ-၁ = အပါယ် ၄-ဘုံသားတို့၏ ပဋိသန္ဓေ,ဘဝင်,စုတိကိစ္စ၊

(ခ) အဟိတ်ကုဝိ ဥပေ-၁ = လူ,စတုမဟာရာဇ်ဘုံမှ လူ,နတ်(ကျိုး/ကန်း)တို့၏...

(ဂ) မဟာဝိပါက် -၈ = ကာမသုဂတိ ၇-ဘုံမှ လူ, နတ်ကောင်းတို့၏...

(ဃ) ရူပဝိပါက် -၅ = ရူပ ၁၅-ဘုံမှ ဗြဟ္မာကြီးတို့၏...

(င) အရူပဝိပါက် -၄ = အရူပ ၄-ဘုံမှ ဗြဟ္မာကြီးတို့၏...

## အာဝဇ္ဇန်းကိစ္စမှသည် တဒါရုံကိစ္စတိုင်အောင် ဆောင်ရွက်သော စိတ်များ

မိမိတို့ ပြုခဲ့သော အတိတ်ကံကြောင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်စိတ်များသည် ဘဝသစ်ဝယ် ပဋိသန္ဓေကိစ္စ ဆောင်ရွက်ပြီးနောက်၊ ပဋိသန္ဓေကိစ္စဖြင့် ဆက်စပ်ပြီးသော ရရှိထားရာ ဘဝသစ်ကို တည်တံ့အောင် ဘဝင်ကိစ္စဖြင့် ဆက်လက် ဆောင်ရွက်နေစဉ် မိမိတို့၏ ဒွါရအသီးသီးဝယ် သက်ဆိုင်ရာအာရုံများ လာရောက် တိုက်ဆိုင်သောအခါ အာရုံနှင့် ဒွါရ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာ

www.dhammadownload.com



သော စိတ်များ (ဝီထိစိတ်များ) သည် အာဝဇ္ဇန်းကိစ္စမှသည် တဒါရုံကိစ္စတိုင်အောင် ဝီထိကိစ္စများကို အစဉ်အတိုင်းဆက်တိုက် ဆောင်ရွက်ကြလေသည်။

(၃) အာဝဇ္ဇန်းကိစ္စတပ်သောစိတ် = ပဉ္စဒွါရာဝဇ္ဇန်း(၁) + မနောဒွါရာဝဇ္ဇန်း(၁)

ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ပဉ္စဒွါရ၌ ပဉ္စာရုံတို့ အသီးသီး တိုက်ဆိုင်သောသောအခါ ထင်လာသော ပဉ္စာရုံကို ဆင်ခြင်ခြင်းကိစ္စ၊

မနောဒွါရာဝဇ္ဇန်းစိတ် = မနောဒွါရ၌ ဓမ္မာရုံ (သို့) အာရုံ ၆-ပါး လာရောက်တိုက်ဆိုင်သော် ထင်လာသော အာရုံကို ဆင်ခြင်ခြင်းကိစ္စ၊

(၄) ဒဿနကိစ္စတပ်သောစိတ် = စက္ခုဝိညာဏ်စိတ် ၂-ပါး၊

(၅) သဝနကိစ္စတပ်သောစိတ် = သောတဝိညာဏ်စိတ် ၂-ပါး၊

(၆) ဃာယနကိစ္စတပ်သောစိတ် = ဃာနဝိညာဏ်စိတ် ၂-ပါး၊

(၇) သာယနကိစ္စတပ်သောစိတ် = ဇိဝှါဝိညာဏ်စိတ် ၂-ပါး၊

(၈) ဖုသနကိစ္စတပ်သောစိတ် = ကာယဝိညာဏ်စိတ် ၂-ပါး၊

(၉) သမ္ပဋိစ္ဆိုင်းကိစ္စတပ်သောစိတ် = သမ္ပဋိစ္ဆိုင်းစိတ် ၂-ပါး၊

(၁၀) သန္တီရဏကိစ္စတပ်သောစိတ် = သန္တီရဏစိတ် ၃-ပါး၊
(ဥ သန္တီရဏ-၂+သော သန္တီရဏ-၁)

(၁၁) ဝုဋ္ဌောကိစ္စတပ်သောစိတ် = မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါး၊

(၁၂) ဇောကိစ္စတပ်သောစိတ်များ = ၅၅-ပါး၊

| | | | |
|---|---|---|---|
| အကုသိုလ်စိတ် | - | ၁၂-ပါး | ကာမဇောစိတ် = ၂၉-ပါး |
| ကာမကုသိုလ်စိတ် | - | ၈-ပါး | |
| ကာမကြိယာစိတ် | - | ၉-ပါး | |
| (ဟသိတုပ္ပါဒ်-၁ + မဟာကြိ-၈) | | | |
| မဟဂ္ဂုတ်ကုသိုလ်စိတ် | - | ၉-ပါး | အပ္ပနာဇောစိတ် = ၂၆-ပါး |
| မဟဂ္ဂုတ်ကြိယာစိတ် | - | ၉-ပါး | |
| လောကုတ္တရာစိတ် | - | ၈-ပါး | |

www.dhammadownload.com



ဌာနကြီး ၁၀–ပါး

| ဌာန (၁၀) ပါး | | ဆိုင်ရာကိစ္စတပ်သောစိတ်များ | |
|---|---|---|---|
| ၁ | ပဋိသန္ဓေဌာန | ဥပေက္ခာသန္တီရဏ– ၂+ မဟာဝိပါက်–၈ + မဟဂ္ဂုတ်ဝိပါက်–၉ | ၁၉ |
| ၂ | ဘဝင်ဌာန | ဥပေက္ခာသန္တီရဏ–၂ + မဟာဝိပါက်–၈ + မဟဂ္ဂုတ်ဝိပါက်–၉ | ၁၉ |
| ၃ | အာဝဇ္ဇန်းဌာန | ပဥ္စဒွါရာဝဇ္ဇန်း–၁ + မနောဒွါရာဝဇ္ဇန်း–၁ | ၂ |
| ၄ | ပဥ္စဝိညာဏ်ဌာန | ဒွေပဥ္စဝိညာဏ်–၁၀ (စက်–၂+သော–၂+ဃာ–၂+ဇိ–၂+ကာ–၂) | ၁၀ |
| ၅ | သမ္ပဋိစ္ဆိုင်းဌာန | သမ္ပဋိစ္ဆိုင်း–၂ | ၂ |
| ၆ | သန္တီရဏဌာန | သန္တီရဏ–၃ | ၃ |
| ၇ | ဝုဋ္ဌောဌာန | မနောဒွါရာဝဇ္ဇန်း–၁ | ၁ |
| ၈ | ဇောဌာန | ကာမဇော–၂၉ + အပ္ပနာဇော–၂၆ | ၅၅ |
| ၉ | တဒါရုံဌာန | သန္တီရဏ–၃ + မဟာဝိပါက်–၈ | ၁၁ |
| ၁၀ | စုတိဌာန | ဥပေက္ခာသန္တီရဏ–၂ + မဟာဝိပါက်–၈ + မဟဂ္ဂုတ်ဝိပါက်–၉ | ၁၉ |

♦ **ကိစ္စနှင့် ဌာနအထူး**

အမှုလုပ်ငန်းသည် ကိစ္စ–ဖြစ်၍၊ ထိုလုပ်ငန်းကို ပြုလုပ်ရာ အလုပ်ရုံ (နေရာ) သည် ဌာန–ဖြစ်လေသည်။

(ဥပမာ) **ပဋိသန္ဓေကိစ္စ**–ဟူသည်... ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းဟူသော အမှုလုပ်ငန်းဖြစ်၍၊

**ပဋိသန္ဓေဌာန**–ဟူသည်... ထိုကိစ္စကို ပြုလုပ်ရာ (ရှေ့စိတ်၊ နောက်စိတ်နှစ်ခုတို့၏ အကြား) စိတ်တစ်ခု ဖြစ်လောက်ရာ အခါကာလ နေရာကို ဆို၏။

www.dhammadownload.com



## ၁-ကိစ္စစီသာ တပ်သောစိတ်များ = ၆၈-ပါး

ဒွေပဉ္စဝိညာဏ် (၁၀) + မနောဓာတ် (၃) + ဇော (၅၅)၊ ပေါင်း ၆၈–ပါး သော စိတ်တို့သည် ကိစ္စ တစ်မျိုးစီသာ ဆောင်ရွက်နိုင်ကြ၏။

| စိတ် (၆၈) ပါး | | | ဆောင်ရွက်သောကိစ္စ |
|---|---|---|---|
| (၁) စက္ခုဝိညာဏ် | ၂–ပါး | = | ဒဿနကိစ္စ |
| (၂) သောတဝိညာဏ် | ၂–ပါး | = | သဝနကိစ္စ |
| (၃) ဃာနဝိညာဏ် | ၂–ပါး | = | ဃာယနကိစ္စ |
| (၄) ဇိဝှာဝိညာဏ် | ၂–ပါး | = | သာယနကိစ္စ |
| (၅) ကာယဝိညာဏ် | ၂–ပါး | = | ဖုသနကိစ္စ |
| (၆) ပဉ္စဒွါရာဝဇ္ဇန်း | ၁–ပါး | = | အာဝဇ္ဇန်းကိစ္စ |
| (၇) သမ္ပဋိစ္ဆိုင်း | ၂–ပါး | = | သမ္ပဋိစ္ဆိုင်းကိစ္စ |
| (၈) ဇော | ၅၅–ပါး | = | ဇောကိစ္စ |

## ၂-ကိစ္စတပ်သော စိတ်များ = ၂-ပါး

(၁) မနောဒွါရာဝဇ္ဇန်း ၁–ပါး = အာဝဇ္ဇန်းကိစ္စ၊ ဝုဋ္ဌောကိစ္စ။

(၂) သောမနဿသန္တီရဏ ၁–ပါး = သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ။

## ၃-ကိစ္စတပ်သော စိတ်များ = ၉-ပါး

မဟဂ္ဂုတ်ဝိပါက်စိတ် ၉–ပါး = ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ။

## ၄-ကိစ္စတပ်သော စိတ်များ = ၈-ပါး

မဟာဝိပါက် ၈–ပါး = (ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံ) ကိစ္စ။

## ၅-ကိစ္စတပ်သော စိတ်များ = ၂-ပါး

ဥပေက္ခာသန္တီရဏစိတ် ၂–ပါး = (ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ သန္တီရဏ၊ တဒါရုံ) ကိစ္စ။

www.dhammadownload.com



သို့ဖြစ်၍ ...

| | | | |
|---|---|---|---|
| (၁) | ၁–ကိစ္စတပ်သောစိတ်ပေါင်း | = | ၆၈–ပါး |
| (၂) | ၂–ကိစ္စတပ်သောစိတ်ပေါင်း | = | ၂–ပါး |
| (၃) | ၃–ကိစ္စတပ်သောစိတ်ပေါင်း | = | ၉–ပါး |
| (၄) | ၄–ကိစ္စတပ်သောစိတ်ပေါင်း | = | ၈–ပါး |
| (၅) | ၅–ကိစ္စတပ်သောစိတ်ပေါင်း | = | ၂–ပါး |
| | ပေါင်း စိတ် | = | ၈၉–ပါး |

## (၄) ဒွါရသင်္ဂဟ

ဒွါရအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟသည် ဒွါရသင်္ဂဟ–မည်၏ ။

ဒွါရ = ပကတိ တံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်း ဖြစ်သကဲ့သို့ စက္ခုပသာဒ စသော တံခါးပေါက်များသည်လည်း စက္ခုဒွါရိက ဝီထိ စိတ်များ စသည်တို့၏ဖြစ်ကြောင်း ဖြစ်သောကြောင့် ဒွါရ–မည်၏။
(စက္ခုဒွါရိကဝီထိ–စသည့် ဝီထိစိတ်, စေတသိက်တို့၏ ဖြစ်ကြောင်းတရား)

ဒွါရအပြား ၆–ပါးနှင့် တရားကိုယ်

| | ဒွါရအပြား | | တရားကိုယ် |
|---|---|---|---|
| (၁) | စက္ခုဒွါရ | = | စက္ခုပသာဒရုပ် |
| (၂) | သောတဒွါရ | = | သောတပသာဒရုပ် |
| (၃) | ဃာနဒွါရ | = | ဃာနပသာဒရုပ် |
| (၄) | ဇိဝှာဒွါရ | = | ဇိဝှာပသာဒရုပ် |
| (၅) | ကာယဒွါရ | = | ကာယပသာဒရုပ် |
| (၆) | မနောဒွါရ | = | ဘဝင်္ဂုပစ္ဆေဒစိတ် ၁၉–ပါး |

(ထို့ကြောင့် ... ဒွါရ ၆–ပါး = ရုပ်ဒွါရ ၅–ပါး + နာမ်ဒွါရ ၁–ပါး)

www.dhammadownload.com



စက္ခုဒွါရ၌ ဖြစ်နိုင်သောစိတ်ပေါင်း = ၄၆-ပါး

| | | |
|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | = | ၁-ပါး |
| ✱ စက္ခုဝိညာဏ် | = | ၂-ပါး |
| သမ္ပဋိစ္ဆိုင်း | = | ၂-ပါး |
| သန္တီရဏ | = | ၃-ပါး |
| ဝုဋ္ဌော | = | ၁-ပါး |
| ကာမဇော | = | ၂၉-ပါး |
| တဒါရုံ(မဟာဝိပါက်) | = | ၈-ပါး |
| ပေါင်း | = | ၄၆-ပါး |

ဤ စက္ခုဒွါရ၌ ဖြစ်နိုင်သောစိတ်ပေါင်း ၄၆-ပါး အနက် ... စက္ခုဝိညာဏ်စိတ် ၂-ပါးနေရာတွင် (သောတဝိညာဏ် ၂-ပါး၊ ဃာနဝိညာဏ် ၂-ပါး၊ ဇိဝှာဝိညာဏ် ၂-ပါး၊ ကာယဝိညာဏ် ၂-ပါး)တို့ကို အသီးသီး ပြောင်းလဲ ရေတွက်သော် သောတ, ဃာန, ဇိဝှါ, ကာယဒွါရများ၌ ဖြစ်နိုင်သော စိတ်ပေါင်းများကို ရေတွက် သိရှိနိုင်ပါသည်။ သို့ဖြစ်၍...

(၂) သောတဒွါရ၌ ဖြစ်နိုင်သောစိတ်ပေါင်း = ၄၆-ပါး၊ (သောတဝိညာဏ်ဒွေး အပါအဝင်)

(၃) ဃာနဒွါရ၌ ဖြစ်နိုင်သောစိတ်ပေါင်း = ၄၆-ပါး (ဃာနဝိညာဏ်ဒွေး အပါအဝင်)

(၄) ဇိဝှါဒွါရ၌ ဖြစ်နိုင်သောစိတ်ပေါင်း = ၄၆-ပါး (ဇိဝှါဝိညာဏ်ဒွေး အပါအဝင်)

(၅) ကာယဒွါရ၌ ဖြစ်နိုင်သောစိတ်ပေါင်း = ၄၆-ပါး (ကာယဝိညာဏ်ဒွေး အပါအဝင်)

www.dhammadownload.com



(၆) မနောဒွါရ၌ ဖြစ်နိုင်သောစိတ်ပေါင်း = ၆၇-ပါး

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်း | = | ၁-ပါး |
| ကာမဇော | = | ၂၉-ပါး |
| အပ္ပနာဇော | = | ၂၆-ပါး |
| တဒါရုံ | = | ၁၁-ပါး |
| ပေါင်း | = | ၆၇-ပါး |

ဒွါရဝိမုတ် (၆-ဒွါရလုံးမှ လွတ်နိုင်သမျှ)စိတ်ပေါင်း = ၁၉-ပါး

ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သောစိတ် ၁၉-ပါးသည် အတိတ်ကံ အဟုန်သက်သက်ကြောင့်သာဖြစ်၍ ၎င်းကိစ္စများတပ်ခိုက် မည်သည့်ဒွါရတွင်မှ မဖြစ်နိုင်သောကြောင့် (၆-ဒွါရလုံးမှ လွတ်သောကြောင့်) ဒွါရဝိမုတ်စိတ် မည်၏။

သို့ဖြစ်၍ ...

၁-ဒွါရစီ၌သာ ဖြစ်နိုင်သောစိတ်ပေါင်း = ၃၆-ပါး

| | | | | | | |
|---|---|---|---|---|---|---|
| (၁) | စက္ခုဒွါရ | ၁-ဒွါရ၌သာ | ဖြစ်နိုင်သောစိတ် | = | စက္ခုဝိညာဏ် | ၂-ပါး |
| (၂) | သောတဒွါရ | ၁-ဒွါရ၌သာ | ဖြစ်နိုင်သောစိတ် | = | သောတဝိညာဏ် | ၂-ပါး |
| (၃) | ဃာနဒွါရ | ၁-ဒွါရ၌သာ | ဖြစ်နိုင်သောစိတ် | = | ဃာနဝိညာဏ် | ၂-ပါး |
| (၄) | ဇိဝှါဒွါရ | ၁-ဒွါရ၌သာ | ဖြစ်နိုင်သောစိတ် | = | ဇိဝှါဝိညာဏ် | ၂-ပါး |
| (၅) | ကာယဒွါရ | ၁-ဒွါရ၌သာ | ဖြစ်နိုင်သောစိတ် | = | ကာယဝိညာဏ် | ၂-ပါး |
| (၆) | မနောဒွါရ | ၁-ဒွါရ၌သာ | ဖြစ်နိုင်သောစိတ် | = | အပ္ပနာဇော | ၂၆-ပါး |

၅-ဒွါရလုံး၌ ဖြစ်နိုင်သောစိတ်ပေါင်း = ၃-ပါး

ပဉ္စဒွါရာဝဇ္ဇန်း (၁) + သမ္ပဋိစ္ဆိုင်း(၂) = ၃-ပါး

၆-ဒွါရလုံး၌ အမြဲဖြစ်နိုင်သောစိတ်ပေါင်း = ၃၁-ပါး

မနောဒွါရာဝဇ္ဇန်း (၁) + သောမနဿ သန္တီရဏ (၁) + ကာမဇော (၂၉)

www.dhammadownload.com



## ၆-ဒွါရ၌ ရံခါဖြစ်- ရံခါလွတ်သောစိတ်ပေါင်း = ၁၀-ပါး

(၁) ဥပေက္ခာသန္တီရဏ ၂-ပါး = ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်ခိုက်... ၆-ဒွါရမှ လွတ်၍၊ သန္တီရဏကိစ္စ, တဒါရုံကိစ္စတပ်ခိုက် ... ၆-ဒွါရ၌ ဖြစ်၏။

(၂) မဟာဝိပါက် ၈-ပါး = ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ တပ်ခိုက် ... ၆-ဒွါရမှ လွတ်၍၊ တဒါရုံကိစ္စတပ်ခိုက်... ၆-ဒွါရ၌ ဖြစ်၏။

## ၆-ဒွါရမှ အမြဲလွတ်သောစိတ်ပေါင်း = ၉-ပါး

မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး = ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စ မှ တစ်ပါး အခြားကိစ္စ မတပ်သောကြောင့် ၆-ဒွါရမှ အမြဲ လွတ်၏။

သို့ဖြစ်၍ ...

| | | | |
|---|---|---|---|
| (၁) | ၁-ဒွါရစီ၌သာ ဖြစ်သောစိတ်ပေါင်း | = | ၃၆-ပါး |
| (၂) | ၅-ဒွါရစီ၌သာ ဖြစ်သောစိတ်ပေါင်း | = | ၃-ပါး |
| (၃) | ၆-ဒွါရ၌ အမြဲ ဖြစ်သောစိတ်ပေါင်း | = | ၃၁-ပါး |
| (၄) | ၆-ဒွါရမှ ရံခါဖြစ်, ရံခါလွတ်သောစိတ်ပေါင်း | = | ၁၀-ပါး |
| (၅) | ၆-ဒွါရမှ အမြဲလွတ်သောစိတ်ပေါင်း | = | ၉-ပါး |
| | ပေါင်း စိတ်အကျဉ်း | = | ၈၉-ပါး |

www.dhammadownload.com



## (၅) အာရမ္မဏသင်္ဂဟ

အာရုံအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာ ဖြစ်သော သင်္ဂဟသည် အာရမ္မဏသင်္ဂဟ မည်၏။

### အာရုံ (အာရမ္မဏ)

ဥယျာဉ်, ပန်းမန်တို့သည် လူတို့၏ မွေ့လျော်ရာ ဖြစ်သကဲ့သို့ ရူပ, သဒ္ဒ, စသော ၆-ပါးသော တရားအစုသည် စိတ်, စေတသိက်တို့၏ မွေ့လျော်ရာ ဖြစ်ကြ၍ အာရုံ(အာရမ္မဏ)မည်၏။

(တစ်နည်း)

### အာရုံ (အာလမ္ဗန)

တောင်ဝှေး၊ ကြိုးတန်းသည် မစွမ်းမသန်သူတို့အား ဆွဲကိုင် မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ရူပ, သဒ္ဒ စသော ၆-ပါးသော တရားအစုသည် စိတ်, စေတသိက်၏ ဆွဲကိုင် မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် အာရုံ(အာလမ္ဗန)မည်၏။

| အာရုံအပြား ၆-ပါး | | တရားကိုယ် |
|---|---|---|
| (၁) ရူပါရုံ | = အဆင်းအမျိုးမျိုး | ( ရူပါရုံရုပ် ၁-ပါး ) |
| (၂) သဒ္ဒါရုံ | = အသံအမျိုးမျိုး | ( သဒ္ဒါရုံရုပ် ၁-ပါး ) |
| (၃) ဂန္ဓာရုံ | = အနံ့အမျိုးမျိုး | ( ဂန္ဓာရုံရုပ် ၁-ပါး ) |
| (၄) ရသာရုံ | = အရသာအမျိုးမျိုး | ( ရသာရုံရုပ် ၁-ပါး ) |
| (၅) ဖောဋ္ဌဗ္ဗာရုံ | = အတွေ့အထိအမျိုးမျိုး | (ပထဝီ, တေဇော, ဝါယောဟု အပ်သောဆိုသော .... ဖောဋ္ဌဗ္ဗာရုံရုပ် ၃-ပါး) |
| (၆) ဓမ္မာရုံ | = ကျန်သောသိဖွယ်အမျိုးမျိုး | (စိတ် ၈၉-ပါး + စေတသိက် ၅၂-ပါး + ပသာဒရုပ် ၅-ပါး + သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန် ၁-ပါး + ပညတ် ၁-ပါး) |

www.dhammadownload.com



◆ ဓမ္မာရုံထိုက်သောတရားများ

အကျဉ်း ၆–ပါး　　　　　　အကျယ်၁၆၄–ပါး

(၁) စိတ် = ၈၉–ပါး
(၂) စေတသိက် = ၅၂–ပါး
(၃) ပသာဒရုပ် = ၅–ပါး
(၄) သုခုမရုပ် = ၁၆–ပါး
(၅) နိဗ္ဗာန် = ၁–ပါး
(၆) ပညတ် = ၁–ပါး

◆ ဒွါရ၌ဖြစ်သော စိတ်တို့၏ အာရုံပြုပုံ
(ဒွါရသင်္ဂဟနှင့် ဆက်စပ်လေ့လာပုံ)

| | ဒွါရ၌ဖြစ်သောစိတ်များ | အာရုံ | တရားကိုယ် |
|---|---|---|---|
| ၁ | စက္ခုဒွါရိကစိတ် ၄၆ | ပစ္စုပ္ပန် ရူပါရုံ | ရူပါရုံရုပ် ၁–ပါး |
| ၂ | သောတဒွါရကစိတ် ၄၆ | ပစ္စုပ္ပန် သဒ္ဒါရုံ | သဒ္ဒါရုံရုပ် ၁–ပါး |
| ၃ | ဃာနဒွါရိကစိတ် ၄၆ | ပစ္စုပ္ပန် ဂန္ဓာရုံ | ဂန္ဓာရုံရုပ် ၁–ပါး |
| ၄ | ဇိဝှါဒွါရိကစိတ် ၄၆ | ပစ္စုပ္ပန် ရသာရုံ | ရသာရုံရုပ် ၁–ပါး |
| ၅ | ကာယဒွါရိကစိတ် ၄၆ | ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ | (ပ,တေ,ဝါ)<br>ဖောဋ္ဌဗ္ဗာရုံရုပ် ၃–ပါး |
| ၆ | မနောဒွါရိကစိတ် ၆၇ | (ကာလ ၃–ပါး)ပဉ္စာရုံ | ဂေါစရရုပ် ၇–ပါး |
| | | (ကာလ ၃–ပါး +<br>ကာလဝိမုတ်ဖြစ်သော)<br>ဓမ္မာရုံ<br><br><br><br><br>ကာလဝိမုတ် { | စိတ် ၈၉–ပါး<br>စေတသိက် ၅၂–ပါး<br>ပသာဒရုပ် ၅–ပါး<br>သုခုမရုပ် ၁၆–ပါး<br>နိဗ္ဗာန် ၁–ပါး<br>ပညတ် ၁–ပါး |

www.dhammadownload.com


## ◆ နိဗ္ဗာန်နှင့် ပညတ်(ဓမ္မာရုံ)တို့သည် ကာလဝိမုတ်

**နိဗ္ဗာန်သည်** မပျက်မစဲ အမြဲတည်၍ ကာလ ၃–ပါးအားဖြင့် ခွဲဝေ၍ မရသောကြောင့်လည်းကောင်း၊ **ပညတ်သည်** ဥပါဒ်, ဌီ, ဘင်အားဖြင့် အထင်အရှား မရှိ၍ ကာလ ၃–ပါးအားဖြင့် ခွဲဝေ၍ မရသောကြောင့်လည်းကောင်း **ကာလဝိမုတ်** မည်၏။

## ◆ ဒွါရဝိမုတ်စိတ်တို့၏ အာရုံ

ဒွါရဝိမုတ်ဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည် များသောအားဖြင့် အခြားမဲ့ လွန်ခဲ့ပြီးစ ဘဝဟောင်းမှ မရဏာသန္နဇော ယူအပ်သော အာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် သုံးပါးတို့တွင် တစ်ပါးပါးကို ထိုက်သည်အားလျော်စွာ အာရုံပြုကြ၏။

ကံ–ကမ္မနိမိတ်–ဂတိနိမိတ်တို့ဟူသည်လည်း အချို့ပစ္စုပ္ပန်၊ အချို့အတိတ်၊ အချို့လည်း ကာလဝိမုတ်(ပညတ်)တရားဖြစ်ကြသော အာရုံ ၆–ပါးတို့ပင်တည်း။

**(၁) ပစ္စုပ္ပန် အာရုံ ၁–ပါးစီကိုသာ အာရုံပြုသောစိတ်စု = ဒွေပဉ္စဝိညာဏ် ၁၀–ပါး**

| | | | |
|---|---|---|---|
| စက္ခုဝိညာဏ် | (၂)ပါး | = | ပစ္စုပ္ပန် ရူပါရုံ |
| သောတဝိညာဏ် | (၂)ပါး | = | ပစ္စုပ္ပန် သဒ္ဒါရုံ |
| ဃာနဝိညာဏ် | (၂)ပါး | = | ပစ္စုပ္ပန် ဂန္ဓာရုံ |
| ဇိဝှါဝိညာဏ် | (၂)ပါး | = | ပစ္စုပ္ပန် ရသာရုံ |
| ကာယဝိညာဏ် | (၂)ပါး | = | ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံ |

**(၂) ပစ္စုပ္ပန် ပဉ္စာရုံ ၅–ပါးလုံးကိုသာ အာရုံပြုသောစိတ်စု = မနောဓာတ် ၃–ပါး**

ပဉ္စဒွါရာဝဇ္ဇန်း (၁)ပါး + သမ္ပဋိစ္ဆိုင်း (၂)ပါး = ပစ္စုပ္ပန်–ပဉ္စာရုံ

**(၃) ကာလ ၃–ပါးဖြစ်သော ကာမအာရုံ ၆–ပါးကို အာရုံပြုသောစိတ်စု = ၁၂–ပါး**

တဒါရုံ(၁၁) + ဟသိတုပ္ပါဒ် (၁) = ကာလ ၃–ပါး ဖြစ်သော ...
ကာမစိတ် ၅၄ + စေတသိက် ၅၂
+ ရုပ် ၂၈
= ကာမအာရုံ ၆–ပါး၊

www.dhammadownload.com



**ကာမအာရုံကိုသာ အာရုံပြုသောစိတ်စု = ကာမဇောနှ် ၂၉-ပါး**

| | | |
|---|---|---|
| ဒွေပဉ္စဝိညာဏ် | = | ၁၀-ပါး |
| မနောဓာတ် | = | ၃-ပါး |
| တဒါရုံ | = | ၁၁-ပါး |
| ဟသိတုပ္ပါဒ် | = | ၁-ပါး |
| ပေါင်း | = | ၂၅-ပါး |

**(၄) လောကီအာရုံ ၆-ပါးကို အာရုံပြုသောစိတ်စု = ၂၀-ပါး**

အကု ၁၂-ပါး+မဟာကု,ကြိညာဝိပ် ၈-ပါး = လောကီစိတ် ၈၁-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး၊ ပညတ်ဟု ဆိုအပ်သော ... (ကာမ,မဟာဂ်,ပညတ်)အာရုံ ၆-ပါး။

**(၅) အရဟတ္တမဂ်,ဖိုလ်ကြဉ် အလုံးစုံအာရုံ ၆-ပါးကို အာရုံပြုသောစိတ်စု = ၅-ပါး**

မဟာကုညာသံ ၄-ပါး + ကုဘိ ၁-ပါး = အရဟတ္တမဂ်,ဖိုလ် ကြဉ်သော စိတ် ၈၇-ပါး၊ စေတသိက် ၅၂၊ ရုပ်-၂၈၊ နိဗ္ဗာန်၊ ပညတ်ဟု ဆိုအပ်သော ... (ကာမ,မဟာဂ်, နိဗ္ဗာန်,ပညတ်)အာရုံ ၆-ပါး။

**(၆) အလုံးစုံသော အာရုံ ၆-ပါးကို အာရုံပြုသောစိတ်စု = ၆-ပါး**

မနောဒွါ-၁ + မဟာကြိညာသံ-၄+ ကြိဘိ-၁= အလုံးစုံသော စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈၊ နိဗ္ဗာန်၊ ပညတ်ဟု ဆိုအပ်သော ... (ကာမ, မဟာဂ်, နိဗ္ဗာန်, ပညတ်) အာရုံ ၆-ပါး။

မှတ်ချက်။ ။ မနောဒွါရာဝဇ္ဇန်းစိတ်သည် အလုံးစုံကို အာရုံပြုသည်ဆိုရာ၌ ... ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်ခိုက်သာ အလုံးစုံကို အာရုံပြု၏။ ကျန်ပုဂ္ဂိုလ်များ၌ဖြစ်ခိုက် အလုံးစုံကို အကုန်မကျန် အာရုံမပြုနိုင်။

www.dhammadownload.com



သို့ဖြစ်၍ . . .

ကာမ၊ မဟဂ်၊ ပညတ်ကို

(အနေကန်)အာရုံပြုသောစိတ် = ၃၁–ပါး၊

= အကု–၁၂ + မနောဒွါ–၁+ မဟာကု,ကြိ –၁၆ + ဘိ–၂၊

နိဗ္ဗာန်ကို(အနေကန်)အာရုံပြုသောစိတ် = ၁၁–ပါး၊

= မနောဒွါ–၁+ မဟာကု,ကြိ ဉာသံ–၈ + ဘိ–၂၊

ရူပကုသိုလ်, ကြိယာအဘိညာဉ်၏ တရားကိုယ်

အဘိညာဉ်ကိစ္စ ပြီးစီးအောင် ပွားများအားထုတ်၍ ထမြောက်သော တန်ခိုးဣဒ္ဓိပါဒ်ကြီးမြတ်သည့် ရူပပဉ္စမဈာန် ကုသိုလ်နှင့် ရူပပဉ္စမဈာန် ကြိယာစိတ် ၂–ပါး။

(အဘိညာဉ်ကိစ္စတပ်ခိုက်သော အဘိညာဉ်စိတ်၊ အဘိညာဉ်ကိစ္စ မတပ်သော် ရိုးရိုးပဉ္စမဈာန် ကု,ကြိ)

(၇) ပညတ်မွှာရုံ ၁– ပါးကိုသာ အာရုံပြုသောစိတ်စု = ၂၁– ပါး

(၁) အဘိညာဉ်ဒွေးကြဉ် ရူပစိတ် ၁၅–ပါး = ကသိုဏ်းပညတ်စသော ၂၆–ပါးသော ပညတ် (ဓမ္မာရုံ)၊

(၂) အာကာသာနဉ္စာယတနစိတ် ၃–ပါး = ကောင်းကင်ပညတ်(ဓမ္မာရုံ)၊

(၃) အာကိဉ္စညာယတနစိတ် ၃–ပါး = နတ္ထိဘောပညတ် (ဓမ္မာရုံ)၊

ပညတ်ကို (ကေန်)အာရုံပြုသောစိတ် = ၂၁–ပါး၊

= (ဘိကြဉ်) ရူပ–၁၅ + အာကာ–၃ + အာကိ– ၃။

www.dhammadownload.com



**(ဂ) မဟဂ္ဂုတ်ဓမ္မာရုံ ၁-ပါးကိုသာ အာရုံပြုသောစိတ်စု = ၆-ပါး**

(၁) ဝိညာဏဉ္စာယတနစိတ် ၃-ပါး = အတိတ်ဖြစ်သော .... အာကာကု, ကြိ(မဟဂ်)စိတ် ဓမ္မာရုံ၊

(၂) နေဝသညာ နာသညာယတနစိတ် ၃-ပါး = အတိတ်ဖြစ်သော ... အာကိကု, ကြိ(မဟဂ်)စိတ် ဓမ္မာရုံ၊

∴ မဟဂ်ကို (ကေန်)အာရုံပြုသောစိတ် = ၆-ပါး၊
= ဝိညာ-၃ + နေဝ-၃ ။

မဟဂ္ဂုတ် ဓမ္မာရုံကို(ကေန်)အာရုံပြုသည် ဆိုရာဝယ် ...

ဝိညာဏဉ္စာယတနစိတ်(ကု,ဝိ,ကြိ) ၃-ပါးသည် အတိတ်ဖြစ်သော အာကာကု, ကြိယာစိတ်ကိုလည်းကောင်း၊ နေဝသညာ နာသညာယတနစိတ်(ကု,ဝိ,ကြိ) ၃-ပါးသည် အတိတ်ဖြစ်သော အာကိ ကု,ကြိစိတ်ကိုလည်းကောင်း အာရုံပြုကြရာတွင် ...

ကုသိုလ်, ဝိပါက်စိတ်တို့က = ကုသိုလ်စိတ်ကို အာရုံပြု၏။
ကြိယာစိတ်တို့က = ကုသိုလ်, ကြိယာစိတ်ကို အာရုံပြု၏။

**(ဃ) နိဗ္ဗာန် ဓမ္မာရုံ ၁-ပါးကိုသာ အာရုံပြုသောစိတ်စု = ၈-ပါး**

လောကုတ္တရာစိတ် ၈-ပါး = နိဗ္ဗာန်(ဓမ္မာရုံ)

∴ နိဗ္ဗာန်ကို (ကေန်)အာရုံပြုသောစိတ်= လောကုတ္တရာစိတ် ၈-ပါး။

www.dhammadownload.com



## ♦ ဇေကန်, အနေကန်အာရုံများ

**ဇေကန်** = သက်ဆိုင်ရာ အာရုံ ၁-ပါးတည်းသာ၊

**အနေကန်** = သက်ဆိုင်ရာ အာရုံသာမက အခြားအာရုံများပါ-ပါ၊

(ဥပမာ) ကာမ ဇေကန် = ကာမအာရုံ ၁-ပါးတည်းသာ၊

ကာမ အနေကန်= ကာမအာရုံသာမက အခြားအာရုံများ ဖြစ်သော မဟဂ်, ပညတ်, နိဗ္ဗာန် စသည်တို့ပါ ပါဝင်။

| | | | |
|---|---|---|---|
| ကာမ (ဇေကန်) အာရုံပြုစိတ် | ၂၅ | ကာမ (အနေကန်) အာရုံပြုစိတ် | ၃၁ |
| မဟဂ္ဂုတ်(ဇေကန်) အာရုံပြုစိတ် | ၆ | မဟဂ္ဂုတ် (အနေကန်) အာရုံပြုစိတ် | ၃၁ |
| ပညတ် (ဇေကန်) အာရုံပြုစိတ် | ၂၁ | ပညတ် (အနေကန်) အာရုံပြုစိတ် | ၃၁ |
| နိဗ္ဗာန် (ဇေကန်) အာရုံပြုစိတ် | ၈ | နိဗ္ဗာန် (အနေကန်) အာရုံပြုစိတ် | ၁၁ |

www.dhammadownload.com



## စိတ်တို့၏ အာရုံပြုပုံ

| အာရုံအားဖြင့်အခွဲ | စိတ်သရုပ် | | အာရုံ ၆–ပါး | | | | |
|---|---|---|---|---|---|---|---|
| | | | စိတ် | စေ | ရုပ် | နိဗ္ဗာန် | ပညတ် |
| ကာမကေန် အာရုံပြု(၂၅) | ဒွေပဉ္စဝိညာဏ် | ၁၀ | | | ပစ္စုပ္ပန် ပဉ္စာရုံ (၁–ပါး) | | |
| | မနောဓာတ် | ၃ | | | ပစ္စုပ္ပန် ပဉ္စာရုံ | | |
| | တဒါရုံ – ၁၁<br>ဟသိတုပ္ပါဒ် – ၁ | ၁၂ | ကာမစိတ် ၅၄ | ၅၂ | ၂၈ | | |
| လောကုတ်–ကြဉ် အလုံးစုံ အာရုံပြု (၂၀) | အကု – ၁၂<br>မဟာကု,ကြိ<br>ဉာဝိပ် – ၈ | ၂၀ | လောကီစိတ် ၈၁ | ၅၂ | ၂၈ | | ပညတ် |
| အရဟတ္တမဂ်,ဖိုလ် ကြဉ် အလုံးစုံအာရုံပြု(၅) | မဟာကုဉာသံ–၄<br>ကုဘိ –၁ | ၅ | စိတ် ၈၇ | ၅၂ | ၂၈ | နိဗ္ဗာန် | ပညတ် |
| အလုံးစုံအာရုံပြု(၆) | မနောဒွါရာဝဇ္ဇန်း–၁<br>မဟာကြိဉာသံ–၄<br>ကြိဘိ –၁ | ၆ | စိတ် ၈၉ | ၅၂ | ၂၈ | နိဗ္ဗာန် | ပညတ် |
| ပညတ်ကေန် အာရုံပြု (၂၁) | ဘိ (၂) ကြဉ်<br>ရူပစိတ် – ၁၅<br>အာကာ – ၃<br>အာကိံ – ၃ | ၂၁ | | | | | ပညတ် |
| မဟဂ္ဂုတ်ကေန် အာရုံပြု (၆) | ဝိညာ – ၃<br>နေဝ – ၃ | ၆ | အာကာကု,ကြိ<br>အာကိံကု,ကြိ | | | | |
| နိဗ္ဗာန်ကေန် အာရုံပြု (၈) | လောကုတ္တရာ–၈ | ၈ | | | | နိဗ္ဗာန် | |

www.dhammadownload.com



## (၆) ဝတ္ထုသင်္ဂဟ

ဝတ္ထုအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟ သည် ဝတ္ထုသင်္ဂဟ မည်၏။

ဝတ္ထု = မြေကြီးသည် သက်ရှိ, သက်မဲ့တို့၏ တည်ရာ, မှီရာ ဖြစ်သကဲ့သို့ စက္ခုပသာဒ စသော ၆-ပါးသော ရုပ်တရားတို့သည် စိတ်, စေတသိက်တို့၏ တည်ရာ, မှီရာ ဖြစ်သောကြောင့် ဝတ္ထု-မည်၏။

ဝတ္ထုအပြား ၆-ပါးနှင့် တရားကိုယ်

| | ဝတ္ထုအပြား | | တရားကိုယ် |
|---|---|---|---|
| (၁) | စက္ခုဝတ္ထု | = | စက္ခုပသာဒရုပ် |
| (၂) | သောတဝတ္ထု | = | သောတပသာဒရုပ် |
| (၃) | ဃာနဝတ္ထု | = | ဃာနပသာဒရုပ် |
| (၄) | ဇိဝှါဝတ္ထု | = | ဇိဝှါပသာဒရုပ် |
| (၅) | ကာယဝတ္ထု | = | ကာယပသာဒရုပ် |
| (၆) | ဟဒယဝတ္ထု | = | ဟဒယရုပ် |

ပဥ္စဝတ္ထုအသီးသီး၌ အမြဲမှီသောစိတ်များ = ဒွေပဥ္စဝိညာဏ် ၁၀-ပါး

| | | | | | |
|---|---|---|---|---|---|
| (၁) | စက္ခုဝတ္ထု၌ | အမြဲမှီသောစိတ် | = | စက္ခုဝိညာဏ် | ၂-ပါး |
| (၂) | သောတဝတ္ထု၌ | အမြဲမှီသောစိတ် | = | သောတဝိညာဏ် | ၂-ပါး |
| (၃) | ဃာနဝတ္ထု၌ | အမြဲမှီသောစိတ် | = | ဃာနဝိညာဏ် | ၂-ပါး |
| (၄) | ဇိဝှါဝတ္ထု၌ | အမြဲမှီသောစိတ် | = | ဇိဝှါဝိညာဏ် | ၂-ပါး |
| (၅) | ကာယဝတ္ထု၌ | အမြဲမှီသောစိတ် | = | ကာယဝိညာဏ် | ၂-ပါး |

www.dhammadownload.com



ဟဒယဝတ္ထု၌ အမြဲမှီသောစိတ်များ = ၃၃-ပါး

| | | |
|---|---|---|
| ဒေါသမူစိတ် | = | ၂–ပါး |
| မနောဓာတ် | = | ၃–ပါး |
| သန္တီရဏ | = | ၃–ပါး |
| ဟသိတုပ္ပါဒ် | = | ၁–ပါး |
| မဟာဝိပါက်စိတ် | = | ၈–ပါး |
| ရူပစိတ် | = | ၁၅–ပါး |
| သောတာပတ္တိမဂ်စိတ် | = | ၁–ပါး |
| ပေါင်း | = | ၃၃–ပါး |

∴ ဝတ္ထုရုပ် ၆–ပါး၌ အမြဲမှီသောစိတ်ပေါင်း = ပဉ္စဝတ္ထုအမြဲမှီ + ဟဒယဝတ္ထုအမြဲမှီ
= ၁၀–ပါး + ၃၃–ပါး
= ၄၃–ပါး

မှတ်ချက်။ ။ ၎င်းစိတ် ၄၃–ပါးသည် ဝတ္ထုရုပ်ရှိသော ကာမဘုံသားနှင့် ရူပ ၁၅–ဘုံသားများ၌ ဖြစ်သောစိတ်များ ဖြစ်ကြသောကြောင့် ၎င်းစိတ်တို့သည် ဝတ္ထုရုပ်တို့၌ အမြဲ မှီကြသည်။

ဟဒယဝတ္ထု၌ ရံခါမှီ- ရံခါမမှီသော စိတ်ပေါင်း = ၄၂-ပါး

| | | |
|---|---|---|
| လောဘမူစိတ် | = | ၈–ပါး |
| မောဟမူစိတ် | = | ၂–ပါး |
| မနောဒွါရာဝဇ္ဇန်း | = | ၁–ပါး |
| မဟာကုသိုလ်စိတ် | = | ၈–ပါး |
| မဟာကြိယာစိတ် | = | ၈–ပါး |
| အရူပကုသိုလ်စိတ် | = | ၄–ပါး |
| အရူပကြိယာစိတ် | = | ၄–ပါး |
| အထက် လောကုတ္တရာစိတ် | = | ၇–ပါး |
| ပေါင်း | = | ၄၂–ပါး |

www.dhammadownload.com



∴ ဝတ္ထုရုပ်၌ ရံခါမှီ- ရံခါမမှီသောစိတ် = ၄၂-ပါး

၎င်းစိတ် ၄၂-ပါးသည် ဝတ္ထုရုပ်ရှိသော ကာမဘုံသား၊ ရူပ ၁၅-ဘုံသားနှင့် (ဝတ္ထုရုပ်အပါအဝင်) ရုပ်လုံးဝ မရှိသော အရူပဘုံသားများ၌ ဖြစ်နိုင်ကြသော စိတ်များ ဖြစ်သောကြောင့် ၎င်းစိတ်တို့သည် ကာမနှင့် ရူပ ၁၅-ဘုံသားများ၌ ဖြစ်ခိုက် ဟဒယဝတ္ထုရုပ်ကို မှီ၍၊ အရူပဘုံသားများ၌ဖြစ်ခိုက် မည်သည့် ဝတ္ထုရုပ်ကိုမျှ မမှီသောကြောင့် ဝတ္ထုရုပ်၌ ရံခါမှီ- ရံခါမမှီသောစိတ်ဟု ဆိုကြသည်။

ဝတ္ထုရုပ်မှ အမြဲ လွတ်သောစိတ်(ဝတ္ထုဝိမုတ်စိတ်) = ၄-ပါး

အရူပဝိပါက်စိတ် ၄-ပါးသည် ရုပ်လုံးဝ မရှိသော အရူပဗြဟ္မာကြီးများ၏ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော စိတ်များဖြစ်ကြ၍ ၎င်းစိတ် ၄-ပါးသည် မည်သည့် ဝတ္ထုရုပ်ကိုမှ မမှီဘဲ ဝတ္ထုရုပ်မှ အမြဲလွတ်သော (ဝတ္ထုဝိမုတ်)စိတ် ဖြစ်ရပါသည်၊ သို့ဖြစ်၍ ....

(၁) ဝတ္ထုရုပ်၌ အမြဲ မှီသောစိတ် = ၄၃-ပါး
(၂) ဝတ္ထုရုပ်၌ ရံခါမှီ- ရံခါမမှီသောစိတ် = ၄၂-ပါး
(၃) ဝတ္ထုရုပ်မှ အမြဲလွတ်သောစိတ် = ၄-ပါး

ပေါင်း စိတ်အကျဉ်း= ၈၉-ပါး

ဘုံအားဖြင့် ရထိုက်သော ဝတ္ထုရုပ်များနှင့် ဝိညာဏဓာတ်များ

(၁) ကာမ ၁၁-ဘုံ၌- ကာမတဏှာကို အရင်းခံသော ကာမကံကြောင့် ဝတ္ထုရုပ် ၆-ပါးလုံးနှင့် ဝိညာဏဓာတ် ၇-ပါးလုံးရ၏။

(၂) အသညသတ်ကြဉ် ရူပ ၁၅-ဘုံ၌ ကာမတရားကို စက်ဆုပ် ရွံရှာသော ကာမဝိရာဂ ဘာဝနာကံကြောင့် ကာမတဏှာ၏ အသုံးအဆောင်သက်သက် ဖြစ်သော ဃာန၊ ဇိဝှါ၊ ကာယ ဝတ္ထုများ လုံးဝမရကြဘဲ စက္ခု၊ သောတ၊ ဟဒယဝတ္ထုရုပ် ၃-ပါးသာ ရကြ၏၊ ဝိညာဏဓာတ်မှာလည်း စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ မနောဓာတ်နှင့် မနောဝိညာဏဓာတ် ၄-ပါးသာ ရ၏။

www.dhammadownload.com



(၃) အရူပ ၄-ဘုံ၌- ရုပ်ဟူသမျှကို စက်ဆုပ်ရွံရှာသော ရူပဝိရာဂ ဘာဝနာကံကြောင့် (ရုပ်များသာဖြစ်သော) ဝတ္ထုရုပ် ၆-ပါးလုံး မရကြဘဲ မနောဝိညာဏဓာတ် ၁-ပါးသာ ရ၏။

(၄) အသညသတ်ဘုံ၌- နာမ်ကို ငြီးငွေ့စက်ဆုပ်သော အရူပဝိရာဂ ဘာဝနာကံကြောင့် နာမ်ဟူသမျှ အလျဉ်းမရချေ။ ထို့အတူ စိတ်, စေတသိက် နာမ်တရားတို့၏ မှီရာဖြစ်သော ဝတ္ထုရုပ် ၆-ပါးကိုလည်း မရအပ်ချေ။

♦ ဝတ္ထုရုပ် ၆-ပါးနှင့် ဝိညာဏဓာတ် ၇-ပါး တွဲစပ်ပုံ

| ဝတ္ထုရုပ် ၆-ပါး | | ဝိညာဏဓာတ် ၇-ပါး |
|---|---|---|
| (၁) စက္ခုဝတ္ထု | = | စက္ခုဝိညာဏဓာတ် |
| (၂) သောတဝတ္ထု | = | သောတဝိညာဏဓာတ် |
| (၃) ဃာနဝတ္ထု | = | ဃာနဝိညာဏဓာတ် |
| (၄) ဇိဝှါဝတ္ထု | = | ဇိဝှါဝိညာဏဓာတ် |
| (၅) ကာယဝတ္ထု | = | ကာယဝိညာဏဓာတ် |
| (၆) ဟဒယဝတ္ထု | = | မနောဓာတ် + မနောဝိညာဏဓာတ် |

♦ စိတ် ၈၉-ပါးနှင့် ဝိညာဏဓာတ် ၇-ပါး သတ်မှတ်ပုံ

| စိတ် ၈၉-ပါး | | | ဝိညာဏဓာတ် ၇-ပါး |
|---|---|---|---|
| (၁) စက္ခုဝိညာဏ် | ၂-ပါး | = | စက္ခုဝိညာဏဓာတ် |
| (၂) သောတဝိညာဏ် | ၂-ပါး | = | သောတဝိညာဏဓာတ် |
| (၃) ဃာနဝိညာဏ် | ၂-ပါး | = | ဃာနဝိညာဏဓာတ် |
| (၄) ဇိဝှါဝိညာဏ် | ၂-ပါး | = | ဇိဝှါဝိညာဏဓာတ် |
| (၅) ကာယဝိညာဏ် | ၂-ပါး | = | ကာယဝိညာဏဓာတ် |
| (၆) ပဉ္စဒွါရာဝဇ္ဇန်း<br>သမ္ပဋိစ္ဆိုင်း | ၁-ပါး<br>၂-ပါး | = | မနောဓာတ် |
| (၇) ကြွင်းစိတ် | ၇၆-ပါး | = | မနောဝိညာဏဓာတ် |

ဝေဿဏ်းမိုင်း ပြီး၏။